# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၆ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၄၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စွန့်ပစ်ပစ္စည်းများထဲတွင် ပလတ်စတစ်စွန့်ပစ်အမှိုက်များသည် နေ့စဉ်နှင့်အမျှ များပြားလာပြီး သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်း၏ အဓိကစိန်ခေါ်မှုတစ်ရပ်ကဲ့သို့ဖြစ်လာ

## နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှုကင်းစင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် တာဝန်သိတတ်သည့်စိတ်ဖြင့် လိုက်နာပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၅**

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းသစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆုရရှိကြသူများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး၏

*စာမျက်နှာ ၃ ကော်လံ ၁ ➜*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောမြို့ဆုရရှိသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့မှ တာဝန်ရှိသူတစ်ဦးထံ ဆုပေးအပ်ချီးမြှင့်စဉ်။


**ယနေ့ ဖတ်စရာ**

(၇၅) နှစ်ပြည့် စိန်ရတုမှသည် ရတုအဆက်ဆက်တိုင်မည့် မြန်မာ - တရုတ် သံတမန်ဆက်ဆံရေးခရီး — ဆောင်းပါး — စာ ၆

ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ရန် အပြည်ပြည်ဆိုင်ရာမှ ပူးပေါင်းပါဝင်ပေးရေး ကုလတိုက်တွန်း — နိုင်ငံတကာသတင်း — စာ ၁၄

နောင်မွန်း - ပန်နန်းဒင်သွား မေခမြစ်ကူး(လူကူး)ကြိုးတံတား ပျက်စီးခဲ့မှု ပြန်လည်ပြုပြင်ပြီးစီး၊ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်များပို့ဆောင် — ပြည်တွင်းသတင်း — စာ ၁၇






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

○ ရှေ့ဖုံးမှ

ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်လာကြစေရန်အတွက် ၁၉၇၂ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၇၃ ခုနှစ်မှစ၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း။

**စုပေါင်းအားဖြင့် ကြိုးပမ်းဆောင်ရွက်**

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်အဖြစ် **“ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး (Ending Plastic Pollution Globally)”** ဟု သတ်မှတ်ထားကြောင်း၊ ရည်ရွယ်ချက်မှာ ကမ္ဘာပေါ်၌ တစ်နေ့တခြား ပိုမိုဆိုးရွားလာနေသည့် ပလတ်စတစ်ညစ်ညမ်းမှုများကို အဆုံးသတ်တိုက်ဖျက်သွားမည့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်တစ်ခုပေါ်ထွက်လာရေးနှင့် အနာဂတ်ကာလတွင် တိုးတက်ကောင်းမွန်သန့်ရှင်းသည့် သဘာဝပတ်ဝန်းကျင်တစ်ရပ် ဖြစ်လာစေရေးတို့အတွက် စုပေါင်းအားဖြင့်ကြိုးပမ်းဆောင်ရွက်အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းနှိုးဆော်ထားခြင်းပင်

❖ **ယနေ့ခေတ်တွင် အသုံးပြုရလွယ်ကူခြင်း၊ တန်ဖိုးနည်းခြင်း၊ ပုံသဏ္ဌာန်အမျိုးမျိုးဖန်တီးနိုင်ခြင်း၊ ထုပ်ပိုးရလွယ်ကူခြင်းစသည့် လျင်မြန်လွယ်ကူအသုံးတည့်မှုများကြောင့် ပလတ်စတစ်များကို မိမိတို့ လူ့ပတ်ဝန်းကျင်နေရာအနှံ့အပြားတွင် အဓိကပစ္စည်းအဖြစ် အသုံးပြုလာ**

❖ **ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှုကို ကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ် စာရင်းများအရ တန်ချိန်သန်းပေါင်း ၄၀၀ ကျော်အထိ ရောက်ရှိခဲ့ပြီး လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း နှစ်ဆမြင့်တက်လာခဲ့သည်ကိုတွေ့ရ**

ဖြစ်ကြောင်း။

ယနေ့ကမ္ဘာပေါ်တွင် လူဦးရေတိုးတက်များပြားလာခြင်းနှင့်အတူ နည်းပညာနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားလာသည့်အတွက် ရာသီဥတုများသည် အဆိုးဘက်ကို ပြောင်းလဲလာနေကြောင်း၊ ထို့အပြင် သဘာဝသယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲလာခြင်းကြောင့် ဂေဟစနစ်များ ယိုယွင်းလာပြီး ဇီဝမျိုးစုံမျိုးကွဲများ တဖြည်းဖြည်း မျိုးသုဉ်းပျောက်ကွယ်လာနေကြောင်း၊ မြို့ပြနှင့်စက်ရုံအလုပ်ရုံများက စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံမှုမရှိသည့်အတွက် ပတ်ဝန်းကျင်ညစ်ညမ်းစေသည့်ပြဿနာများကို မြန်မာနိုင်ငံအပါအဝင် ယနေ့ကမ္ဘာတစ်ဝန်းလုံး၌ ရင်ဆိုင်ကြုံတွေ့နေရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ စွန့်ပစ်ပစ္စည်းများထဲတွင် ပလတ်စတစ်စွန့်ပစ်အမှိုက်များသည် နေ့စဉ်နှင့်အမျှ များပြားလာပြီး သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်း၏ အဓိကစိန်ခေါ်မှုတစ်ရပ်ကဲ့သို့ ဖြစ်လာနေကြောင်း၊ သက်ရှိသတ္တဝါများ ရှင်သန်ရပ်တည်ရေး၊ လူသားအားလုံး၏ ကျန်းမာရေးနှင့် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် များစွာခြိမ်းခြောက်လာနေကြောင်း။

**ရင်ဆိုင်ကြုံတွေ့လာနေကြရပြီဖြစ်**

ယနေ့ခေတ်တွင် အသုံးပြုရလွယ်ကူခြင်း၊ တန်ဖိုးနည်းခြင်း၊ ပုံသဏ္ဌာန်အမျိုးမျိုးဖန်တီးနိုင်ခြင်း၊ ထုပ်ပိုးရလွယ်ကူခြင်းစသည့် လျင်မြန်လွယ်ကူအသုံးတည့်မှုများကြောင့် ပလတ်စတစ်များကို မိမိတို့လူ့ပတ်ဝန်းကျင်နေရာအနှံ့အပြားတွင် အဓိကပစ္စည်းအဖြစ် အသုံးပြုလာကြကြောင်း၊ ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှုကို ကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ် စာရင်းများအရ တန်ချိန်သန်းပေါင်း ၄၀၀ ကျော် အထိရောက်ရှိခဲ့ပြီး လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း နှစ်ဆမြင့်တက်လာခဲ့သည်ကို တွေ့ရကြောင်း၊ ယခုကဲ့သို့ ထုတ်လုပ်မှုများ ဆက်လက်တိုးတက်လာနေမည်ဆိုပါက လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှုသည် တန်ချိန်သန်းပေါင်း ၁၁၀၀ အထိ ရောက်ရှိလာနိုင်သည်ကို လေ့လာသိရှိရကြောင်း၊ ထိုသို့ ထုတ်လုပ်မှုတိုးတက်လာခြင်းနှင့်အတူ သုံးစွဲရာတွင် ထိန်းချုပ်မှုအားနည်းခြင်းနှင့် စည်းကမ်းမဲ့ မဆင်မခြင်စွန့်ပစ်ခြင်းများကြောင့် ပလတ်စတစ်ညစ်ညမ်းမှုပြဿနာများစွာကို ယနေ့အချိန်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စိုးရိမ်ဖွယ်ရာအန္တရာယ်တစ်ခုအဖြစ် ရင်ဆိုင်ကြုံတွေ့လာနေကြရပြီဖြစ်ကြောင်း။

ကုန်းမြေမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာများထဲကို ရောက်ရှိလာသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် အချိန်ကာလကြာလာသည်နှင့်အမျှ အလွန်သေးငယ်သည့် ပလတ်စတစ်အမှုန်အမွှား (Micro-plastics) များအဖြစ် ပြောင်းလဲဖြစ်ပေါ်ပြီး အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း ဖြစ်စေကြောင်း၊ ယနေ့အချိန်တွင် အဆိုပါ Microplastics များသည် ပင်လယ်သမုဒ္ဒရာများ၊ မြစ်ချောင်းများ၊ လေထုအတွင်းနှင့် နေ့စဉ်အစားအစာများထဲအထိ ပျံ့နှံ့ရောက်ရှိနေပြီး နောက်ဆုံးတွင် လူ့ခန္ဓာအစိတ်အပိုင်းများထဲအထိ ထိုးဖောက်ရောက်ရှိလာကြကြောင်း၊ အဆိုပါအချက်ကို ကြည့်ခြင်းအားဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ ကြီးမားလှသည့်အန္တရာယ်ကို သိရှိနိုင်ကြောင်း။

**ပေါင်းစပ်အကောင်အထည်ဖော်**

မြန်မာနိုင်ငံအနေဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းအပါအဝင် စွန့်ပစ်အမှိုက်များကို စနစ်တကျစီမံထိန်းချုပ်ဆောင်ရွက်နိုင်ရန်အတွက် **မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀)** ကို ရေးဆွဲထုတ်ပြန်ထားပြီး မြို့ပြနှင့်စက်မှုလုပ်ငန်းများတွင် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပလတ်စတစ်ညစ်ညမ်းမှုထိန်းချုပ်နိုင်ရေးကို စာမျက်နှာ ၄ သို့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း(အထက်တန်းအဆင့်) ပထမဆုရရှိသည့် ကျောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**❖ မြန်မာနိုင်ငံသည် "ဘေးအန္တရာယ်ဖြစ်စေတဲ့ စွန့်ပစ်ပစ္စည်းများနှင့် ၎င်းတို့၏ စွန့်ပစ်မှုအား နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းကို ထိန်းချုပ်ခြင်းဆိုင်ရာ ဘာဆယ်ကွန်ဗင်းရှင်း" ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကို နိုင်ငံအတွင်း တရားမဝင် တင်သွင်းခြင်းမရှိစေရန်အတွက် ကွန်ဗင်းရှင်းပါ ကတိကဝတ်များနှင့်အညီ စနစ်တကျ ထိန်းချုပ်စီမံဆောင်ရွက်သွားကြရန်လို**

*စာမျက်နှာ ၃ မှ*

အဓိက ဦးစားပေးကဏ္ဍတစ်ရပ်အနေဖြင့် ကဏ္ဍစုံပေါင်းစပ် အကောင်အထည်ဖော်နိုင်ရန်အတွက် **အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်**ကို ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် ပလတ်စတစ်ညစ်ညမ်းမှုများကို လျှော့ချနိုင်ဖို့၊ ပြည်တွင်းရှိ ပလတ်စတစ်ကို ပြန်လည်ပြုပြင်ထုတ်လုပ်သည့် (Recycle) လုပ်ငန်းများ ပိုမိုတွင်ကျယ်အားကောင်းလာစေရန်၊ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုကို တားဆီးကာကွယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် **ပင်လယ်ကမ်းရိုးတန်းဒေသရှိ စက်မှုနှင့်မြို့ပြလုပ်ငန်းဆိုင်ရာစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်လုပ်ငန်းစဉ်အဆင့်ဆင့် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း (Standard Operating Procedure– SOP)** များကို လိုက်နာဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

**စနစ်တကျထိန်းချုပ်စီမံဆောင်ရွက်**

မြန်မာနိုင်ငံသည် **"ဘေးအန္တရာယ်ဖြစ်စေတဲ့ စွန့်ပစ်ပစ္စည်းများနှင့် ၎င်းတို့၏စွန့်ပစ်မှုအား နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းကို ထိန်းချုပ်ခြင်းဆိုင်ရာ ဘာဆယ် ကွန်ဗင်းရှင်း"** ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို နိုင်ငံအတွင်း တရားမဝင် တင်သွင်းခြင်းမရှိစေရန်အတွက် ကွန်ဗင်းရှင်းပါ ကတိကဝတ်များနှင့်အညီ စနစ်တကျ ထိန်းချုပ်စီမံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

၂၀၁၉ ခုနှစ်တွင် အတည်ပြုထုတ်ပြန်ခဲ့သည့် **အာဆီယံဒေသတွင်း အဏ္ဏဝါအမှိုက်သရိုက်တိုက်ဖျက်ရေးဆိုင်ရာ ဘန်ကောက်ကြေညာစာတမ်းနှင့် အာဆီယံ မူဘောင်**ကိုလည်း မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံနိုင်ငံများနှင့်အတူ လက်တွဲပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၄၅ တွင် **နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်**ဟုလည်းကောင်း၊ ပုဒ်မ ၃၉၀၊ အပိုဒ်(ခ)တွင် **နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများတွင် နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည်**ဟုလည်းကောင်း ပြဋ္ဌာန်းထားသည့်အတွက် မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှုကင်းစင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် တာဝန်သိတတ်သည့်စိတ်ဖြင့် လိုက်နာပူးပေါင်းဆောင်ရွက်သွားကြရန် အလေးအနက်ထား တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာကြီးတွင် ပလတ်စတစ်ညစ်ညမ်းမှုများမှ ကင်းဝေးပြီး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် **"ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့်ဆောင်ရွက်ပေး (Ending Plastic Pollution Globally)"** ဆိုသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေးလုပ်ငန်းများတွင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ နိုင်ငံအတွင်းတွင်ရှိသည့် ဌာနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ကျောင်းသားလူငယ်များအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ စုပေါင်းအားဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်သွားကြပြီး ပိုမိုသန့်ရှင်းကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်ကို တည်ဆောက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သဝဏ်လွှာဗီဒီယိုနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) ၏ အမှုဆောင်ညွှန်ကြားရေးမှူး၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သဝဏ်လွှာဗီဒီယိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ ဆုရရှိသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့မှ တာဝန်ရှိသူထံလည်းကောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောကျေးရွာဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာမှ တာဝန်ရှိသူထံလည်းကောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော စက်ရုံဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ Great Success Energy Co.,Ltd. (၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၄ မှ*

ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း) မှ တာဝန်ရှိသူထံလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အမျိုးသားအဆင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း(အထက်တန်းအဆင့်) ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ကျောင်းများကိုလည်းကောင်း၊ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက စိမ်းလန်းစိုပြည်သောကျောင်း (မူလတန်းအဆင့်) ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် ကျောင်းများကိုလည်းကောင်း၊ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေး ဗီဒီယိုနှင့် ရန်ကုန်မြို့၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှပေးပို့သည့် "မမြင်နိုင်သော လူသတ်သမား" PM 2.5 အကြောင်း အသိပညာပေးဗီဒီယိုတို့ကို ပြသသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

## တောင်ငူမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**တောင်ငူ ဇွန် ၅**

တောင်ငူမြို့၌ "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနရုံး၌ ကျင်းပသည်။ **(ယာပုံ)**



ဦးစွာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးလွင်က အမှာစကားပြောကြားပြီး သဝဏ်လွှာ အသိပညာပေးဗီဒီယိုနှင့် ခရိုင်အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်း ဆုရရှိသောကျောင်းများ၏ ဗီဒီယိုများကို ပြသသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် တာဝန်ရှိသူများက ခရိုင်အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်း အထက်တန်းအဆင့် ပထမဆုရရှိသော အထက (ခွဲ) မြောက်နန်ချွန်၊ အလယ်တန်းအဆင့် ပထမဆုရရှိသော အလက (ခွဲ) ကြက်သွန်းခင်း (၂) နှင့် မူလတန်းအဆင့် ပထမဆုရရှိသော အမက (၃) ရပ်ကွက်ကျောင်းတို့မှ တာဝန်ရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

**သာယာဝတီ ဇွန် ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ်အခမ်းအနားကို သာယာဝတီမြို့ ဆရာစံခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အမှာစကားပြောကြားပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဗီဒီယိုနှင့် "သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်း" ဆုရရှိသည့်ကျောင်းများ၏ ဗီဒီယိုမှတ်တမ်းကို ပြသသည်။ ထို့နောက် ဆုရရှိသည့် အ.ထ.က(၁)လက်ပံတန်း၊ အ.ထ.က(မင်းလှ)၊ အ.ထ.က (မိုးညို)၊ အ.ထ.က ဘုရင့်နောင်(ကြို့ပင်ကောက်) နှင့် အ.မ.က ဝွေးဂေါင်းပင်(ကြို့ပင်ကောက်) ကျောင်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက်)**



## ပဲခူးမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကျင်းပ

**ပဲခူး ဇွန် ၅**

ပဲခူးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ပဲခူးမြို့နယ်ရှိ လုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို ဇွန် ၂ ရက်က ပဲခူးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။ **(ဝဲပုံ)**



ဦးစွာ တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူက တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းခဲ့ပြီး အခွန်ထမ်းများက သိရှိလို၍ မေးမြန်းခဲ့မှုများအပေါ် ပဲခူးမြို့နယ်အခွန်ဦးစီးဌာနမှူး ဦးတင့်ထူး (လက်ထောက်ညွှန်ကြားရေးမှူး) က ဖြေကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# (၇၅) နှစ်ပြည့် စိန်ရတုမှသည် ရတုအဆက်ဆက်တိုင်မည့် မြန်မာ-တရုတ်သံတမန်ဆက်ဆံရေးခရီး

သျှင်မေ

၈-၆-၂၀၂၅ ရက်နေ့သည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး (၇၅)နှစ် ပြည့်မြောက်သည့်နေ့ဖြစ်သည်။ ထိုနေ့သည် ၇၅ နှစ်တာ စိန်ရတုကာလ သမိုင်းတစ်လျှောက် နှစ်နိုင်ငံအကြား တစ်နိုင်ငံနှင့် တစ်နိုင်ငံ လေးစားတန်ဖိုးထားမှု၊ အပြန်အလှန်ချစ်ကြည်ရင်းနှီးစွာ ရေရှည်တည်တံ့မိတ်ဖက်ပြုမှုတို့၏ အမှတ်သညာတစ်ခုဟု ဆိုနိုင်သည်။


တရုတ်နှင့် မြန်မာဟူသည် နီးကပ်သောဆွေမျိုး၊ ရင်းနှီးသောမိတ်ဆွေ၊ တစ်ထပ်တည်းကျသော အဆွေခင်ပွန်းကောင်းပင်။ အိမ်နီးချင်းကောင်းတို့သည် ဆွေမျိုးရင်းချာနှင့် မခြား၊ အချင်းချင်းအကြောင်းကိစ္စကြီးငယ်မဟူ ဥပေက္ခာမပြု၊ တတ်စွမ်းသမျှ ဖေးမကူမြဲကဲ့သို့မိတ်ဆွေကောင်းဆိုသည်မှာလည်း အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရချိန်တွင် မျက်နှာလွှဲဖယ်မသွားဘဲ ကိုယ်စိတ်နှလုံး ထပ်တူကျခြင်းတို့ဖြင့် စာနာနားလည်တတ်စမြဲ၊ အတူတကွ ရင်ဆိုင်ဖြေရှင်းပေးစမြဲဖြစ်၏။ တရုတ်နှင့်မြန်မာတို့သည် စေတနာတူညီသည့် အိမ်နီးချင်းမိတ်ဆွေကောင်းများအဖြစ် ယုံကြည်မှု၊ ရိုးသားမှုနှင့် အပြန်အလှန်ချစ်ခင်လေးစားမှုတို့ ထူထောင်နိုင်ခြင်းသည် ရတုအဆက်ဆက်နောင်နှစ်ပေါင်းများစွာအထိ တည်တံ့ခိုင်မြဲစေခြင်း၏ အခြေခံအုတ်မြစ်ပင်ဖြစ်သည်။

**နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို စတင်ထူထောင်နိုင်**

မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်းကို နိုင်ငံရေးစနစ်မတူညီသည့်နိုင်ငံအနေဖြင့် ပထမဆုံးအသိအမှတ်ပြုခဲ့သည့်နိုင်ငံဖြစ်သကဲ့သို့ ၁၉၅၀ ခုနှစ် ဇွန်လ ၈ ရက်တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို စတင်ထူထောင်နိုင်ခဲ့ကြသည်။ သို့ရာတွင် မြန်မာနှင့်တရုတ်တို့၏ ဆက်ဆံရေးသည် ၇၅ နှစ်သာရှိသည်မဟုတ်။

**နှစ် (၇၀) ပြည့် အထိမ်းအမှတ်ဆောင်းပါးအတွင်း ထည့်သွင်းရေးသား**

**"အေဒီ ၄ ရာစုတုန်းက ကျွန်တော်တို့၏ ဘိုးဘွားများသည် စီချွမ်-ယူနန်-မြန်မာ- အိန္ဒိယကို ဖြတ်သန်းသည့် "ရွှေလမ်း ငွေလမ်း" ကို ဖောက်လုပ်ခဲ့ပြီး ကုန်သွယ်မှုပြုလုပ်ခဲ့ကြပါသည်။ တရုတ်ထန်မင်းဆက်ခေတ်က မြန်မာ ပျူခေတ်မင်းသား ဦးဆောင်သည့် အနုပညာရှင်များအဖွဲ့သည် မိုင်ထောင်ချီခရီးနှင်၍ ချန်အန်းမြို့သို့လာရောက်ခဲ့ရာ တရုတ်နာမည်ကြီး ကဗျာဆရာ ပိုင်ကျီးယိက ကျော်ကြားလှသည့် "ပျူတေးသံ" ကဗျာကို ရေးစပ်သီကုံးခဲ့ပါသည်"** ဟု တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာရှီကျင့်ဖျင်ကိုယ်တိုင်ရေးသားသည့် **"နှစ်ပေါင်းထောင်ချီကြာမြင့်သော ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ဆက်လက်ပံ့ဖော်မည့် စာမျက်နှာသစ်များ"** အမည်ရှိ မြန်မာ-တရုတ်သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်ဆောင်းပါးအတွင်း ထည့်သွင်းရေးသားထားခဲ့သည်ကို မှတ်သားရဖူးပါသည်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁ – ၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် (၈၀) ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ တက်ရောက်စဉ် ၉ – ၅– ၂၀၂၅ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တွေ့ဆုံစဉ်။

**ကာလရှည်ကြာသောဆက်ဆံရေးကို ဖော်ညွှန်း**

ထို့အတူ **"မိတ်ဆွေဇမ္ဗူ၊ စဉ်စူစိုးအုပ်၊ တရုတ် မြန်မာ၊ မင်းတို့မှာလျှင်၊ ကမ္ဘာရှည် မြဲ၊ မြေမရွေ့သို့၊ နှုတ်တွေ့ခွန်းသေ၊ ထွန်းစိမ့်စေဖြင့်၊ ကျက်သရေသွင်းနှိုး၊ စာရင်း ထိုးသည်၊ ဆိုမျိုးဆက်စဉ် ဥဒါန်းတည်း။"** ဟူ၍ ကုန်းဘောင်ခေတ် ဝက်မစွတ်မြို့စား ဦးနု (ဒုတိယနဝဒေး) က တရုတ်သံရောက်မော်ကွန်းတွင် ရေးဖွဲ့ထားခြင်းတို့မှာ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ အိမ်နီးချင်း၊ မိတ်ကောင်းဆွေကောင်းဆက်ဆံရေး၏ ကာလရှည်ကြာသော ဆက်ဆံရေးကို ဖော်ညွှန်းခြင်းဖြစ်သည်။

**မိတ်ကောင်းဆွေကောင်းပီသစွာဖြင့် ဆောင်ရွက်ပေး**

နှစ်ကာလကြာမြင့်စွာ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ အခြေခံအဆောက်အအုံနှင့် လူသားအရင်းအမြစ်များ တည်ဆောက်ခြင်းတို့တွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မြန်မာနှင့်တရုတ်နိုင်ငံတို့ အပြန်အလှန် အကျိုးပြုလျက်ရှိသည်။ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ တရုတ်နိုင်ငံ၏ **"Belt and Road"** အတူတကွ တည်ဆောက်ရေးလမ်းကြောင်းပေါ်ရှိ အရေးပါသည့် နိုင်ငံတစ်ခုဖြစ်သည်။ နှစ်နိုင်ငံမှာ နယ်စပ်ကုန်သွယ်ဖက်နိုင်ငံများလည်းဖြစ်ကြသည်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍ၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့ကိုလည်း မိတ်ကောင်းဆွေကောင်းပီသစွာဖြင့် ဆောင်ရွက်ပေးခဲ့သည့်အပြင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။

စီးပွားရေးအခြေခံကောင်းများ အပြန်အလှန် တည်ဆောက်နိုင်ခဲ့ကြသည့်အပြင် ဆွေမျိုးပေါက်ဖော် နှစ်နိုင်ငံတို့မှာ နိုင်ငံတကာဆက်ဆံရေးတွင် ၁၉၅၄ ခုနှစ်ကတည်းက သဘောတူထားရှိခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်နှင့်အညီ တစ်ဦးနှင့်တစ်ဦး ရိုရင်းစွဲချစ်ခင်ရင်းနှီးမှုကို တိုး၍ပို၍တည်ဆောက်နိုင်ခဲ့သည်။

*စာမျက်နှာ ၇ သို့*

**" နှစ်ကာလကြာမြင့်စွာ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ အခြေခံအဆောက်အအုံနှင့် လူသားအရင်းအမြစ်များ တည်ဆောက်ခြင်းတို့တွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မြန်မာနှင့် တရုတ်နိုင်ငံတို့ အပြန်အလှန်အကျိုးပြုလျက်ရှိ၊ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ တရုတ်နိုင်ငံ၏ "Belt and Road" အတူတကွတည်ဆောက်ရေးလမ်းကြောင်းပေါ်ရှိ အရေးပါသည့် နိုင်ငံတစ်ခုဖြစ်၊ နှစ်နိုင်ငံမှာ နယ်စပ်ကုန်သွယ်ဖက်နိုင်ငံများလည်းဖြစ်၊ တရုတ်နိုင်ငံက မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍ၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့ကိုလည်း မိတ်ကောင်းဆွေကောင်းပီသစွာဖြင့် ဆောင်ရွက်ပေးခဲ့သည့်အပြင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိ "**

# စက်သုံးဆီလိုအပ်ချက်ကို အတိုင်းအတာတစ်ရပ်အထိ ဖြည့်ဆည်းပေးနိုင်ရန် အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) ကို အသွင်သစ်ဖြင့် လည်ပတ်ထုတ်လုပ်သွားမည်



**နေပြည်တော် ဇွန် ၅**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်) ညှော့ရိပ်သာ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီမှတာဝန်ရှိသူများ၊ နည်းပညာပိုင်းဆိုင်ရာ အကြံပေးအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများက စက်ရုံတည်ဆောက်နေမှု၊ စက်ပစ္စည်းများထုတ်လုပ်နေမှု၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းများနှင့် မြစ်ဖြတ်ပိုင်းလိုင်း တည်ဆောက်နေမှု၊ သဘာဝဓာတ်ငွေ့ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်ပေးနေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို အတိုင်းအတာတစ်ရပ်အထိ ဖြည့်ဆည်းပေးနိုင်ရန် အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) ကို အသွင်သစ်ဖြင့် လည်ပတ်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် စီမံကိန်းအပိုင်း(၁) အဖြစ် တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် ငါးသိန်းချက်လုပ်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်း အပိုင်း (၂) အဖြစ် တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် သုံးသန်းချက်လုပ်နိုင်သည့် ရေနံချက်စက်ရုံကိုလည်း ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ရေတိုရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းတစ်ခုလုံး ဆောင်ရွက်ပြီးစီးပါက နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်၏ ထက်ဝက်ခန့်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) ၌ စက်ရုံတည်ဆောက်မည့် မြေနေရာတွင် Pile Foundation လုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်ရုံအတွက်လိုအပ်သည့် သဘာဝဓာတ်ငွေ့များ ထိန်းချုပ်ဖြန့်ဖြူးပေးမည့် သဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်း (သန်လျင်)၊ ရေနံစိမ်းနှင့် ရေနံထွက်ပစ္စည်းများ သယ်ယူမည့် ပိုက်လိုင်း တည်ဆောက်ရန် လမ်းအူကြောင်းလျာထားနေရာများ၊ တောင်ဒဂုံ-သန်လျင်သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ ပဲခူးမြစ်ဖြတ်အပိုင်းတွင် Horizontal Directional Drilling စက်ဖြင့် တူးဖောက်ဆက်သွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်အချိန်ကာလတွင် ပြီးစီးနိုင်ရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် ကြက်သား၊ ကြက်ဥ၊ ဘဲဥနှင့် ငုံးဥများကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ



**နေပြည်တော် ဇွန် ၅**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်းစီစဉ်မှုဖြင့် ကြက်သား၊ ကြက်ဥ၊ ဘဲဥနှင့်ငုံးဥများအား ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့် ပြည်သူများသို့ မေ ၁ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ လှည့်လည်ရောင်းချရာတွင် ဇွန် ၅ ရက်က ကြက်သား အကောင် ၅၀၊ ကြက်ဥ အလုံး ၃၆၀၀၊ ဘဲဥ အလုံး ၁၅၀၊ ငုံးဥ အလုံး ၃၀၀၀ တို့ကို သက်သာသော ဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ထို့အတူ မြန်မာနိုင်ငံက သမိုင်းတစ်ကွေ့တွင် နိုင်ငံတကာမျက်နှာစာ၌ တရုတ်နိုင်ငံဘက်မှ အပြည့်အဝ ရပ်တည်ပေးခဲ့သည့်နည်းတူ လက်ရှိတွင် တရုတ်နိုင်ငံသည် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ အပြည့်အဝ ထောက်ခံရပ်တည်ပေးခဲ့သည်။ မကြာခင်ကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုတင်ပြင်ဆင်နေမှုများနှင့် ရွေးကောက်ပွဲကို အားပေးထောက်ခံခြင်း၊ အချုပ်အခြာအာဏာနှင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးတို့အတွက် မြန်မာနိုင်ငံအား အပြည့်အဝထောက်ခံအားပေးမှုရှိခြင်းတို့ကို မြင်တွေ့ရသည်မှာ မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ဝမ်းမြောက်ရသည်။

**○ မြန်မာနိုင်ငံက သမိုင်းတစ်ကွေ့တွင် နိုင်ငံတကာမျက်နှာစာ၌ တရုတ်နိုင်ငံဘက်မှ အပြည့်အဝရပ်တည်ပေးခဲ့သည့်နည်းတူ လက်ရှိတွင် တရုတ်နိုင်ငံသည် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ အပြည့်အဝထောက်ခံရပ်တည်ပေးခဲ့၊ မကြာခင်ကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုတင်ပြင်ဆင်နေမှုများနှင့် ရွေးကောက်ပွဲကို အားပေးထောက်ခံခြင်း၊ အချုပ်အခြာအာဏာနှင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးတို့အတွက် မြန်မာနိုင်ငံအား အပြည့်အဝထောက်ခံအားပေးမှုရှိခြင်းတို့ကို မြင်တွေ့ရသည်မှာ မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ဝမ်းမြောက်ရ**

ဆက်စပ်၍ ဆိုရိုးစကားတစ်ခုအမှတ်ရမိ၏။ **“You can change friends, but not neighbours”**ဟူ၍ဖြစ်သည်။ မိမိတို့အားလုံးသည် မိတ်ဆွေကို စိတ်ကြိုက်ပြောင်းလဲ ရွေးချယ်ပေါင်းသင်း၍ ရနိုင်သော်လည်း အိမ်နီးချင်းကိုမူ မိမိတို့အကြိုက် စိတ်ကြိုက်ပြောင်းလဲခွင့်မရှိပါ။

### တရုတ်နိုင်ငံ၏ အကူအညီများပင်ဖြစ်

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အရေးကိစ္စများကြုံတိုင်း အချိန်မဆိုင်း ကူညီပံ့ပိုးပေးတတ်သည့် နှစ်သက်မြတ်နိုးဖွယ်ရာ အိမ်နီးချင်းကောင်းပီသသည့် အလေ့အထကောင်းများစွာကို မိမိတို့ပြည်သူများ ကောင်းစွာသိရှိပြီးဖြစ်သည်။ အနီးစပ်ဆုံးအနေဖြင့်မူ ယမန်နှစ် ရာဂီမုန်တိုင်းတိုက်ခတ်ပြီးချိန်နှင့် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က ကြုံတွေ့ခဲ့ရသည့် ပြင်းထန်လှသော မန္တလေးမြေငလျင်ကြီး လှုပ်ခတ်စဉ်ကာလက တရုတ်နိုင်ငံ၏ အကူအညီများပင်ဖြစ်သည်။ ဖြစ်စဉ်ဖြစ်ပွားပြီး ၁၈ နာရီအတွင်း အလျင်မြန်ဆုံးနှင့် ပထမဆုံးလာရောက်၍ လူသားချင်းစာနာသည့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောလျင်စွာ ဆောင်ရွက်ပေးသည်မှာ အိမ်နီးချင်း ဆွေမျိုးပေါက်ဖော် တရုတ်ပြည်သူ့သမ္မတနိုင်ငံပင် ဖြစ်သည်။

ပူပြင်းလှသည့်အညာနွေ၏ ဒဏ်ကို အန်တုရင်း မန္တလေးငလျင်ကြီး၏ ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသည့် အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို လူအင်အား၊ နည်းပညာအကူအညီ အားကောင်းစွာဖြင့် အသက်ရှင်လျက်ကယ်ထုတ်ပေးနိုင်ခြင်းနှင့် ထိခိုက်သေဆုံးခဲ့ရသူများ၏ ရုပ်အလောင်းများကိုလည်း ခက်ခဲပင်ပန်းစွာ ထုတ်ယူပေးရာတွင် နိုင်ငံတကာက ကူညီကယ်ဆယ်ရေးအဖွဲ့များအနက် အစိုးရနှင့် အခြားအဖွဲ့များမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင် ၅၀၀ အထိ လူအင်အားအများဆုံး ရောက်ရှိအသုံးပြုကာ တရုတ်နိုင်ငံက ကူညီရှာဖွေပေးခဲ့သည်။

### အထိုက်အလျောက် ကိုယ်စိတ်နှလုံးသက်သာရာရရှိခဲ့

အရေးပေါ်ကူညီကယ်ဆယ်ရေးအပြင် ဆေးကုသမှု လိုအပ်သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးကုသပေးခြင်း၊ ပြည်သူများ ယာယီနေထိုင်ရန်အတွက် မိုးကာတဲများ၊ ယာယီရုံးများ၊ ဓာတ်ဆီ၊ ဒီဇယ်လှူဒါန်းမှုများအပါအဝင် ဆေးဝါးများ၊ ဆေးရုံအသုံးအဆောင်များ၊ အစားအစာများ အစရှိသည်တို့ကိုလည်း တရုတ်နိုင်ငံ အစိုးရနှင့် အဖွဲ့အစည်းများမှ လူသားချင်းစာနာမှုဖြင့် လှူဒါန်းပေးကြရာ မြန်မာပြည်သူများအဖို့ အထိုက်အလျောက် ကိုယ်စိတ်နှလုံး သက်သာရာရရှိခဲ့သည်။

### နှစ်နိုင်ငံဆိုင်ရာ အရေးကိစ္စများကို ဆွေးနွေးပြောကြား

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲနှစ် (၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်စဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့စဉ်အတွင်း **“တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့်အတူ အေးအတူပူအမျှ အနာဂတ်မျှဝေသော အသိုက်အဝန်းတစ်ခုကို တည်ဆောက်သွားရန်နှင့် အိမ်နီးချင်းနိုင်ငံများဆိုင်ရာ လုပ်ငန်းများအတွက် အခြေခံသစ်များ ဖော်ဆောင်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် မြန်မာနိုင်ငံအနေဖြင့် အားပေးထောက်ခံကြောင်း”** ထည့်သွင်းပြောကြားခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကလည်း **“တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုတင်ပြင်ဆင်နေမှုများနှင့် ရွေးကောက်ပွဲအား အားပေးထောက်ခံလျက်ရှိကြောင်း”** အပါအဝင် နှစ်နိုင်ငံဆိုင်ရာ အရေးကိစ္စများကို ဆွေးနွေးပြောကြားခဲ့သည်။

တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး (၇၅) နှစ်ပြည့် စိန်ရတုအလွန်ကာလ အနာဂတ်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ချစ်ကြည်မှု၊ ယုံကြည်မှုအားသစ်လောင်း၍ ပိုမိုနက်ရှိုင်းသည့် ဆက်ဆံရေးကို တည်ဆောက်နိုင်မည်ဟု မျှော်လင့်ပါသည်။ နှစ်နိုင်ငံ စီးပွားရေး၊ ယဉ်ကျေးမှုဖလှယ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပိုမိုနီးကပ်သည့် ဆွေမျိုးပေါက်ဖော် အိမ်နီးချင်းမိတ်ဆွေများအဖြစ် အတူတကွနေထိုင်ရင်း အနာဂတ်နှစ်နိုင်ငံပြည်သူပြည်သားများ၏ အကျိုးစီးပွားကို တိုးတက်ဖြည့်ဆည်းပေးနိုင်သည့်အပြင် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးက အလေးဂရုပြုစရာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်းသရုပ်ကို ပေါ်လွင်ထင်ရှားစေမည့် အမှတ်လက္ခဏာအဖြစ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ကမ္ဘာတည်သရွေ့ တည်တံ့နေမည်ဟု ယုံကြည်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ယာယီအဆောက်အအုံများနှင့် Prefabricated Offices များ တည်ဆောက်တပ်ဆင်ပြီးစီးမှု လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ နေထိုင်နိုင်ရန်နှင့်နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)၌ တည်ဆောက်ထားသည့် နှစ်ခန်းတွဲ လေးခန်းပါဘာရှာများ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း၌ Prefabricated Offices များ တည်ဆောက်တပ်ဆင်ပြီးစီးမှုနှင့် အားကစားကွင်း၊ အားကစားရုံဌာနခွဲမှ ဝန်ထမ်းများ ရုံးလုပ်ငန်းများ အချိန်မီ တင်ပြပေးပို့နိုင်ရေးအတွက် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မုံရွာမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**မုံရွာ ဇွန် ၅**

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဗီဒီယိုနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့် သဝဏ်လွှာဖတ်ကြားသည့် ဗီဒီယို၊ မုံရွာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော စက်ရုံ၊ အလုပ်ရုံလုပ်ငန်းဂုဏ်ပြုဆုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအတွက် တိုင်းဒေသကြီး ပတ်ဝန်းကျင်သိန်းသိမ်းရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုအကောင်းဆုံးဆုရရှိကြသူများ၊ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်တို့တွင် ဆုရရှိကြသည့်ကျောင်းများ၊ အလွတ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုလက်မှတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ရေ၊ မြေ၊ လေ တိုင်းတာရေးစက်ကိရိယာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ၊ ဥပဒေစာအုပ်များ၊ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် ဆုရစာစီစာကုံးများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးသည် မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ထမ်းသား သမီးများအား ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တက္ကသိုလ်အဆင့်၊ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်တို့တွင် တက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများထံ ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံများကိုလည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ ဝန်ထမ်းများနှင့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအတွက် ဆေးရည်စိမ်ခြင်ထောင်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြရာ ဝန်ထမ်းမိသားစုများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ထမ်းသား သမီး ၁၆၁ ဦးအတွက် ငွေကျပ်စုစုပေါင်း ၁၄၅၅၇၅၀၀ (တစ်ရာလေးဆယ်ငါးသိန်း ငါးသောင်ခုနစ်ထောင်)ကျပ်နှင့် ဆေးရည်စိမ်ခြင်ထောင်အလုံး ၄၀၀ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တရုတ်-မြန်မာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်မြောက်ကို လှိုက်လှိုက်လှဲလှဲဂုဏ်ပြုခြင်းနှင့် ယဉ်ကျေးမှုဆွေးနွေးပွဲ နိုင်ငံတကာနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၅**

တရုတ် - မြန်မာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်မြောက်ကို လှိုက်လှိုက်လှဲလှဲဂုဏ်ပြုခြင်းနှင့် ယဉ်ကျေးမှုဆွေးနွေးပွဲ နိုင်ငံတကာနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Hotel Ru Yi ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mrs. Ma Jia၊ ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းဥက္ကဋ္ဌဟောင်း ဒေါ်သန်းသန်းနု၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဦး၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းကျော်၊ မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဖိုးချစ်တို့က အမှာစကားများ ပြောကြားကြသည်။



ထို့နောက် နှစ်နိုင်ငံမှ အနုပညာအဖွဲ့များက ယဉ်ကျေးမှုအနုပညာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ CITIC Star ဓာတ်လမ်းတိုပြိုင်ပွဲ၏ ဆုရလက်ရာများကို ပြသပြီး ယင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး တရုတ်-မြန်မာ သီချင်းများ ပေါင်းစပ်ဖျော်ဖြေမှု ဒဏ္ဍာရီပုံပြင် အစီအစဉ်ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**




# အိမ်မဲမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**အိမ်မဲ ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အိမ်မဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် အဖွဲ့ဝင်များက စိုက်ပျိုးမည့် ပျိုးပင်များကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များထံသို့ ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာသူများက ကျွန်းပင်၊ ပျဉ်းကတိုးပင်၊ မဟော်ဂနီပင်၊ မန်ကျည်းရှားပင် စုစုပေါင်း အပင် ၅၅၀ ကို တစ်ပြိုင်တည်း စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုနှင့် သောက်သုံးရေရရှိရေးဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇွန် ၅**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဇမ္ဗူသီရိမြို့နယ် သဇင်(၄) အဆောင် (၅)၊ သဇင်(၂) အဆောင် (၃)နှင့် တိုက်အမှတ် (၃၃၁၁၂)တို့ ပြန်လည်ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးနှင့် သောက်သုံးရေ ပြည့်စုံစွာရရှိရေး တာဝန်ရှိသူများအား မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိ ရေလှောင်တမံ တမံကြွခိုင် ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် သီရိမဏ္ဍိုင်လမ်းနှင့် သီရိရတနာလမ်းတို့တွင် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပင်မရေပိုက်လိုင်းနှင့် ရေပေးဝေရေး ပိုက်လိုင်းများ ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တမံကြွခိုင်မှုနှင့် ရေပိုက်လိုင်း လမ်းကြောင်း တစ်လျှောက် အမြဲမပြတ်စစ်ဆေးရေး မှာကြားကာ လုပ်ငန်းဆောင်ရွက်နေသူများအား စာသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၅**

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ (World Environment Day) အထိမ်းအမှတ်အခမ်းအနားကို "Ending Plastic Pollution Globally (ကမ္ဘာတစ်ဝန်းပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး)"ဆောင်ပုဒ်ဖြင့် ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နေရာအနှံ့အပြားတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးသက်ရောက်မှုများနှင့်အတူ သဘာဝသယံဇာတများ လျော့နည်းဆုံးရှုံးလာခြင်း၊ သစ်တောများ ပြုန်းတီးခြင်း၊ ဂေဟစနစ်များ ပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်း၊ ရေအရင်းအမြစ်များ ရှားပါးလာခြင်း၊ လေထုနှင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာခြင်း စသည့်ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု ပြဿနာရပ်များအပြင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကိုလည်း အလေးထားဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုဖြစ်ပါကြောင်း၊ ယင်းတို့ကို ကမ္ဘာ့ပတ်ဝန်းကျင် ထိမ်းသိန်းရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်နှင့်အညီ အားလုံးဝိုင်းဝန်းပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Antonio Guteress ၏ သဝဏ်လွှာဗီဒီယိုနှင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပညာပေးဗီဒီယိုမှတ်တမ်းကို ပြသသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ခုနှစ် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသည့် ကျောင်းများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ ၂၀၂၄-၂၀၂၅ ခုနှစ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော စက်ရုံ/ အလုပ်ရုံ/ လုပ်ငန်းဆုပထမ၊ ဒုတိယနှင့် တတိယရရှိသည့် စက်ရုံ/ အလုပ်ရုံ/ လုပ်ငန်းများ၊ ၂၀၂၄ - ၂၀၂၅ ခုနှစ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောမြို့ဆုနှင့် ၂၀၂၄ - ၂၀၂၅ ခုနှစ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာဆုတို့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ဆုများ ချီးမြှင့်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီအစည်းအဝေးကျင်းပ

**ထားဝယ် ဇွန် ၅**

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက် အမှာစကားပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ ဖတ်ကြားသည့် ဗီဒီယို၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် အမှုဆောင် ညွှန်ကြားရေးမှူး၏ သဝဏ်လွှာ ဖတ်ကြားသည့်ဗီဒီယို၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဗီဒီယိုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောနေရာဒေသ (စံပြကျေးရွာ) ဆုနှင့် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု ရရှိသည့်ကျောင်းများနှင့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် သရုပ်ဖော် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။(ဓါတ်ပုံ)

အခမ်းအနား အပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက တိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ အစည်းအဝေး ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ထို့အပြင် ၎င်းသည် အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် နိုင်ငံတကာသွင်းဂိုးပေါင်း ၁၃၇ ဂိုးရှိလာပြီလည်း ဖြစ်သည်။ နာမည်ကြီး ဂျာမနီအသင်းသည် ပွဲကစားချိန် ၄၈ မိနစ်တွင် လေဗာကူဆင်တိုက်စစ်ကစားသမား ဖလော်ရီယန်ဝစ်ဇ်၏ သွင်းဂိုးဖြင့် ပေါ်တူဂီအသင်းကို ဦးဆောင်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးနှင့် အနိုင်ဂိုးပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ဗိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်ခဲ့ရသည်။ ပေါ်တူဂီအသင်းအတွက် သွင်းဂိုးများကို ကွန်စီကာအိုနှင့် စီရော်နယ်ဒိုတို့က ပွဲကစားချိန် ၆၃ မိနစ်နှင့် ၆၈ မိနစ်တွင် သွင်းယူပေးခဲ့သည်။

ဂျာမနီအသင်းထက် ပေါ်တူဂီအသင်းက ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေးများနှင့်အတူ သာလွန်သည့် ကစားဟန်ကို ထုတ်ပြနိုင်ခဲ့ပြီး အရေးပါသည့်နိုင်ပွဲကို ဖော်ဆောင်ကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုကျင်းပသည့် နေးရှင်းလိဂ်ပြိုင်ပွဲမှာ လေးကြိမ်မြောက်ဖြစ်ပြီး ယခင်သုံးကြိမ်တွင် ပေါ်တူဂီ၊ ပြင်သစ်နှင့် စပိန်အသင်းတို့ ဆွတ်ခူးရရှိထားသည်။ ပေါ်တူဂီအသင်းသည် နေးရှင်းလိဂ်ဗိုလ်လုပွဲတွင် စပိန်နှင့် ပြင်သစ်အသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ဇွန် ၉ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

# စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မဟိယင်္ဂဏစေတီတော်ကြီး အသစ်ပြန်လည်တည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာနှင့် အုတ်မြစ်ချမင်္ဂလာ အခမ်းအနားကျင်းပ



**နေပြည်တော် ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ ပထမအင်းဝခေတ် မိုးညှင်းမင်းတရားကြီးက သက္ကရာဇ် ၇၈၉ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သော မဟိယင်္ဂဏစေတီတော်ကြီးသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သဖြင့် မဟိယင်္ဂဏစေတီတော်ကြီး အသစ်တည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာနှင့် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ဥက္ကဋ္ဌ ဂဏာဓိပတိ သောဋ္ဌသမ ရွှေကျင်သာသနာပိုင်၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ၊ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တက်ရောက်လာကြသူများက သီတဂူဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။**(ဓါတ်ပုံ)** ထို့နောက် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ကြပြီး ပန္နက်တင်ခြင်းမင်္ဂလာပြုလုပ်ကြသည်။

ယင်းနောက် အုတ်မြစ်ချခြင်းမင်္ဂလာအခမ်းအနားကို သံဃာတော်များ၊ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၅**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သောတပန်ရပ်ကွက်ရှိ သကျဓိတာ သီလရှင်စာသင်တိုက်၊ နန်းဦးမြို့သစ် သမိုင်းဝင်ရွှေကြက်တောင်စေတီ၊ သောတပန်ရပ်ကွက် ရွှေဟင်္သာကျောင်းတိုက်နှင့် ခေမာသီဝံချောင်ကျောင်းတိုက်များ၌ သာသနိကအဆောက်အအုံများ မိုးမကျမီဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်ကိုများတိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ရွာထောင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဒီဇယ်ရှိ စာသင်ကျောင်းဆောင်နှစ်ဆောင် ပြန်လည်ပြုပြင်ခြင်းနှင့် ကျောင်းဝတ်စုံများပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး စာသင်ကျောင်းဆောင် နှစ်ဆောင်နှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ကာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြပြီး ပြန်လည်ပြုပြင်ထားသည့် ကျောင်းဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စစ်ကိုင်းတောင်ရှိ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများ ပြန်လည်တည်ဆောက်ရာအတွက် လျာထားမြေနေရာပေးရန် ရွာထောင်ရပ်ကွက်ရှိ မြေနေရာအချို့အား တာဝန်ရှိသူများနှင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် စစ်ကိုင်းမြို့ စီတီးရပ်ကွက် ရာဇမဏိစူဠာကောင်းမှုတော်စေတီအတွင်း ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား တပ်မတော်သားများက ပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ ကျောက်ဆစ်ရပ်ကွက် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော နည်းပညာတက္ကသိုလ် (စစ်ကိုင်း) ကျောင်းဆောင်အတွင်းရှိ ကျောင်းသုံးပစ္စည်းများ သယ်ယူရွှေ့ပြောင်းပေးနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက်၊ မေဃဂီရိရပ်ကွက်၊ မဟာဇေယျာဘုံရပ်ကွက်နှင့် အနိပ်တော်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ လူနေအဆောက်အအုံများတွင် ဖြိုချရှင်းလင်းရန်ကျန်အဆောက်အအုံများအား လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဖြိုချပြီးအပျက်အစီးများ အပြီးသတ် ရှင်းလင်းနေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်နှင့် စိန်ပန်းရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ လူနေအဆောက်အအုံများတွင် ဖြိုချရှင်းလင်းရန်ကျန်အဆောက်အအုံများအား လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဖြိုချပြီး အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ရွာတောလေးကျေးရွာရှိ စွယ်တော်မြတ်စေတီတော်သို့သွားရောက်၍ စေတီတော်ပတ်ဝန်းကျင်နှင့် ဗောဓိငါးထောင်နဒ္ဒဝန် ဥယျာဉ်တော်အတွင်း အဖွဲ့အစည်းအသီးသီးမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားရင်ပြင်တော်ရှိ ကျောက်ပြားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေသည့် အခြေအနေများကိုလည်းကောင်း၊ အက်ကွဲသွားသော ဂန္ဓကုဋီတိုက် အောက်ခြေလှေကားဝဲ/ယာရှိ မကန်းရုပ်အောက်ခြေ နေရာ အက်ကွဲကြောင်းအတွင်း အသိအမှတ်ပြုလက်မှတ်ရအင်ဂျင်နီယာ(PE)အဖွဲ့များ၏ စစ်ဆေးချက်အရ သဲများလောင်းထည့်ပြုပြင်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ စေတီတော်၏ ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များရှိ ရတနာပစ္စည်းတော်များအား စနစ်တကျ မှတ်တမ်းပြုစုထားရှိရေးမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ မင်းရဲဆည်အတွင်း၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် Kyaukse Rescue (လူမှုကယ်ဆယ်ရေးအဖွဲ့)မှ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အသင့်ပြင်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေး။**

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်ရှိ မဟာသုန္ဒရာရာမပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အနန္တဂုဏ်ရည်ငါးထပ်ဓမ္မဗိမာန်တော်ကြီး၏ ခေါင်းမိုးများနှင့် အမိုးကိုင်းမျက်နှာကြက်များ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ကျောင်းအတွင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော မဟာလောကထွဋ်ခေါင်စေတီတော်အား ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ မင်းရဲဆည်အတွင်း၌ မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့ဝင်များနှင့် Kyaukse Rescue (လူမှုကယ်ဆယ်ရေးအဖွဲ့)မှ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် Speed Boat မောင်းနှင်လေ့ကျင့်မှုနှင့် ရေပြင်အသက်ကယ်ဆယ်ရေးလုပ်ငန်းများ လေ့ကျင့်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သဘာဝဘေး အန္တရာယ်များအတွက် မြေပြင်၌ အမှန်တကယ်လက်တွေ့အသုံးချနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မှာကြားခဲ့ကာ လေ့ကျင့်ဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ ရွာနိုင်ရပ်ကွက်ရှိ ရွှေကျီးနားကျောင်းတိုက်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြင်ဆင်ဆောက်လုပ်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုခဲ့ပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်းသည်။ ဆက်လက်၍ စဉ့်ကိုင်မြို့နယ်ရှိ ဘောဂဗလပလတ် စတစ်ဘူးခွံစက်ရုံ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် စက်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နေမှုအခြေအနေများကိုလည်းကောင်း၊ ကျောက်ဆည်မြို့အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ဝိဇ္ဇာလမ်းထောင့်နေ သံအမတ်ကြီး(ငြိမ်း) ဦးချိုထွန်းအောင်သည် နေအိမ်ရှေ့တွင် မြေးဖြစ်သူနှင့်အတူ လမ်းလျှောက်နေစဉ် (စိစစ်ဆဲ)ကျား နှစ်ဦးမှ သေနတ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် ဦးချိုထွန်းအောင် သေဆုံးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ထိုသို့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သည့် တရားခံများ ရှာဖွေတွေ့ရှိရေး စုံစမ်းဖော်ထုတ်ခဲ့ရာ ပြည်သူလူထု၏ ပူးပေါင်းပါဝင်သတင်းပေးမှုကြောင့် ဖြစ်စဉ်ဖြစ်ပွားသည့်နေ့တွင် အကြမ်းဖက်အဖွဲ့များ အသုံးပြုခဲ့သည့် စက်ဘီးအား သုံးဘီးယာဉ်တစ်စီးပေါ်တွင် တင်ဆောင်သွားသည်ကိုတွေ့ရှိခဲ့ကြောင်း သိရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ မေ ၂၃ ရက်တွင် အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် သုံးဘီးယာဉ်မောင်းနှင်သူ **စန်းထက်အောင်(ခ) ပဲခူးသား**(၄၀)နှစ်အား မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ခိုင်ရွှေဝါ(၃)လမ်း အမှတ်(၂၄၈)ရှိ နေအိမ်၌ အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုခဲ့သည့် စက်ဘီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ထို့အပြင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် ထောက်ပို့အဖြစ်ဆောင်ရွက်ခဲ့သည့် **ဝင်းသူ(ခ) ကုလားလေး**(၃၉)နှစ်အား မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက် စိန်ချယ်လမ်းတို အမှတ်(၂၃၃)ရှိ နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မေ ၂၅ ရက်တွင် ဦးချိုထွန်းအောင်အား လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံ **မျိုးကိုကို(ခ)စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ)လင်းလက်ဇော်**(၂၈)နှစ်၊ ၎င်း၏ဇနီးဖြစ်သူ **ပြုံးပြုံး**(၂၄)နှစ်၊ သမီးဖြစ်သူ **လင်းလက်ရွှေ** (၆)နှစ်တို့အား ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းတွင်လည်းကောင်း၊ ၎င်းတို့အား လိုက်ပါပို့ဆောင်ပေးခဲ့သည့် ယာဉ်မောင်း **အောင်ဆန်းဟိန်း**(၂၅)နှစ်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသူ **ညီညီလှိုင်**(၃၉)နှစ်တို့အား မွန်ပြည်နယ် မုဒုံမြို့တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။


ဖမ်းဆီးရမိတရားခံ မျိုးကိုကို(ခ)စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ)လင်းလက်ဇော်၏ ထွက်ဆို ချက်အရ ဦးချိုထွန်းအောင် လုပ်ကြံသတ်ဖြတ်ရာတွင်ပါဝင်ခဲ့သည့် ဖမ်းဆီးရန်ကျန်တရားခံ **ချစ်ကိုကို(ခ)ကျော်ကြီး**၏ မိသားစုဝင်များသည် မြဝတီမြို့ဘက်သို့ ထွက်ပြေးတိမ်းရှောင်ရန် လုပ်ဆောင်နေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့ရာ မေ ၂၆ ရက်တွင် **ချစ်ကိုကို (ခ)ကျော်ကြီး**၏ဇနီး **မြင့်မြင့်ထွေး**(၃၉)နှစ်၊ **အောင်ကိုကိုချစ်**(၁၈)နှစ်၊ **ဇင်မောင်မောင်(ခ) အာနိုး**(၂၇)နှစ်နှင့် ထွက်ပြေးတိမ်းရှောင်ရာတွင် ကူညီဆောင်ရွက်ပေးခဲ့သည့် **ဖြိုးဝေအောင်(ခ) အရှည်ကြီး**(၄၀)နှစ်တို့အား ပဲခူးမြို့အဝင် စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ မေ ၂၉ ရက်တွင် ဦးချိုထွန်းအောင်အား လုပ်ကြံသတ်ဖြတ်မှုအပါအဝင် ၎င်းတို့အကြမ်းဖက်အဖွဲ့ဆောင်ရွက်ခဲ့သော လုပ်ကြံသတ်ဖြတ်မှုများ၌ Scout ကြည့်ရှုပေးခဲ့သည့် တရားခံ **မင်းစည်သူ(ခ)အငယ်လေး** (၂၉)နှစ်နှင့် **ကျော်ဇင်သန့်(ခ)လွင်ကြီး(ခ) ကျော်ဇင်**(၃၃)နှစ်တို့အား ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက် ဈေးကလေးလမ်း အမှတ်(၁၇၇)ရှိ နေအိမ်၌လည်းကောင်း၊ တရားခံ **ဟန်လင်းအောင်** (၂၈)နှစ်၊ ကြည့်မြင်တိုင်မြို့နယ် သီတာရပ်ကွက် သိန္ဓုလမ်း အမှတ်(၃၂)နေသူအားလည်းကောင်း အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ဖမ်းဆီးရမိတရားခံ မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ)လင်းလက်ဇော်၏ ထွက်ဆိုချက်အရ ၎င်းသည် ဦးချိုထွန်းအောင်အား လုပ်ကြံသတ်ဖြတ်စဉ် သေနတ်ကျည်ပေါက်ထွက်၍ ဘယ်ဘက်ခြေထောက် ဒဏ်ရာရရှိခဲ့ပြီး အဆိုပါဒဏ်ရာအား သာကေတမြို့နယ် ၄/တောင်ရပ်ကွက် မြင်တော်သာလမ်း အမှတ်(၅၂၄)ရှိ "လင်း" အထူးကုဆေးရုံ၌ လျှို့ဝှက်စွာ ဆေးကုသခဲ့ကြောင်း သိရှိရသဖြင့် မေ ၂၆ ရက် ညနေပိုင်းတွင် တရားမဝင်ဆေးကုသပေးခဲ့သော DCS ဆရာဝန် **ဇော်ကိုကို**(၃၈)နှစ်နှင့် DCS ဆရာဝန်များဖြင့် စုစည်းဖွင့်လှစ်ထားသည့် "လင်း" အထူးကုဆေးရုံပိုင်ရှင် **ဒေါက်တာ ရဲလင်းစိုး**(၃၆)နှစ်တို့အား ဖမ်းဆီးရမိခဲ့သည်။

*စာမျက်နှာ ၁၂ သို့*

## သံအမတ်ကြီး(ငြိမ်း) ဦးချိုထွန်းအောင် အား လုပ်ကြံသတ်ဖြတ်သူများ ဖမ်းဆီးရမိမှု အခြေအနေ




မြောက်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ ခိုင်ရွှေဝါ(၃)လမ်း၊ အမှတ်(၂၄၈)နေအိမ်၌ ဖမ်းဆီးရမိသည့် တရားခံ၏ မှတ်တမ်းဓာတ်ပုံ



စန်းထက်အောင်(ခ) ပဲခူးသား (၄၀) နှစ် (သုံးဘီးဘေးတွဲ ဆိုင်ကယ် မောင်းနှင်သူ)

မြောက်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ စိန်ချယ်လမ်းတို၊ အမှတ်(၂၃၃)နေအိမ်၌ ဖမ်းဆီးရမိသည့် တရားခံ၏ မှတ်တမ်းဓာတ်ပုံ



ဝင်းသူ(ခ)ကုလားလေး (၃၉)နှစ် (လုပ်ကြံသတ်ဖြတ်ရန် တိုင်ပင်သူ)

ညောင်ဦးမြို့နယ်၊ ပုဂံမြို့ဟောင်း ရောလေ့ဆိပ်တွင် ဖမ်းဆီးရမိသည့် တရားခံ၏ မှတ်တမ်းဓာတ်ပုံ



မျိုးကိုကို(ခ)စိုင်းကိုကို (ခ)ဇင်မင်းထက် (ခ) လင်းလက်ဇော်(၂၈)နှစ် (လုပ်ကြံသတ်ဖြတ်သူ)



ပြုံးပြုံး(၂၄)နှစ် (တရားခံ မျိုးကိုကို(ခ) စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ) လင်းလက်ဇော် ၏ဇနီး)



လင်းလက်ရွှေ(၆)နှစ် (တရားခံ မျိုးကိုကို(ခ)စိုင်းကိုကို (ခ) ဇင်မင်းထက်(ခ) လင်းလက်ဇော်၏သမီး)

မုဒုံမြို့နယ် တော်ကူးတံခွန်တိုင်ကျေးရွာ၌ ဖမ်းဆီးရမိသည့် တရားခံ နှစ်ဦး၏ မှတ်တမ်းဓာတ်ပုံ



အောင်ဆန်းဟိန်း (၂၅)နှစ် (ညောင်ဦးသို့ ပို့ဆောင်ပေးသူ)



ညီညီလှိုင်(၃၉)နှစ် (ညောင်ဦးသို့ ပို့ဆောင်ရန် ချိတ်ဆက်ပေးသူ)

ပဲခူးမြို့အဝင် စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိခဲ့သည့် တရားခံများ၏ မှတ်တမ်းဓာတ်ပုံ



မြင့်မြင့်ထွေး(၃၉)နှစ် (ချစ်ကိုကို(ခ) ကျော်ကြီး၏ ဇနီး)



အောင်ကိုကိုချစ်(၁၈)နှစ် (ချစ်ကိုကို(ခ) ကျော်ကြီး၏ သား)



ဇင်မောင်မောင်(ခ)အာနိုး (၂၇)နှစ် (မြဝတီသို့ ပို့ဆောင်ပေးသူ)



ဖြိုးဝေအောင်(ခ)အရှည်ကြီး (၄၀)နှစ် (မြဝတီသို့ပို့ဆောင်ရန် ချိတ်ဆက်ပေးသူ)

ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေးလမ်း၊ အမှတ်(၁၇၇)နှင့် သိန္ဓုလမ်း၊ အမှတ်(၃၂)တို့၌ ဖမ်းဆီးရမိသည့် တရားခံ ၃ ဦး၏ မှတ်တမ်းဓာတ်ပုံ



မင်းစည်သူ(ခ)အငယ်လေး (၂၉)နှစ် (Scout ကြည့်ရှုပေးခဲ့သူ)



ကျော်ဇင်သန့်(ခ)လွင်ကြီး(ခ) ကျော်ဇင်(၃၃)နှစ် (Scout ကြည့်ရှုပေးသူ)



ဟန်လင်းအောင် (၂၈)နှစ် (Scout ကြည့်ရှုပေးခဲ့သူ)

# ဘုတ်ပြင်းမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ဘုတ်ပြင်း ဇွန် ၅**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်က ဘုတ်ပြင်းမြို့ ရွှေဘုံသာရပ်ကွက်ရှိ ပုလဲရွှေရည်ဂေါက်ကွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် ဘုတ်ပြင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းကို၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီတို့က တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အထက-ဘုတ်ပြင်းကျောင်းအုပ်ကြီးတို့ကို စိုက်ပျိုးမည့် ပျိုးပင်များ ပေးအပ်သည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ပျဉ်းကတိုး ပျိုးပင် ၁၀၀၊ မဟော်ဂနီပျိုးပင် ၁၀၀၊



မန်ကျည်းရှားပျိုးပင် ၁၀၀၊ ခရေပျိုးပင် ၅၀၊ စိန်ပန်းပျိုးပင် ၅၀ စုစုပေါင်း ပျိုးပင် ၄၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

# နေပြည်တော် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ နေပြည်တော်ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် ကျွန်း ၄ ဒသမ ၈၀၇၀ တန်၊ သစ်မာ ၁၄ ဒသမ ၉၇၂၆ တန်၊ အခြား ၅ ဒသမ ၅၈၂၄ တန်၊ စုစုပေါင်း တန် ၂၅ ဒသမ ၃၆၂၀၊ ယာဉ်/ယန္တရား သုံးစီး၊ တရားခံ ငါးဦး ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ **သတင်းစဉ်**

သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၅၂၄)ရှိ "လင်း"အထူးကုဆေးရုံ၌ ဖမ်းဆီးရမိသည့် တရားခံ၏ မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ဇော်ကိုကို(၃၈)နှစ်(DCS) (ဆေးကုသပေးသူ)



ဒေါက်တာ ရဲလင်းစိုး (၃၆)နှစ် ("လင်း"ဆေးရုံပိုင်ရှင်)

Golden Valley Warrior အမည်ခံအကြမ်းဖက်အဖွဲ့၏ လုပ်ကြံသတ်ဖြတ်မှုများ



ဦးမင်းတေဇာညွန့်တင်၊ ဥပဒေအတိုင်ပင်ခံ (သေဆုံး) (၂၄-၃-၂၀၂၃)



လုံခြုံရေးတပ်ဖွဲ့ဝင် ၁ ဦးအား ချောင်းမြောင်းပစ်ခတ်ခဲ့မှု(လူထိခိုက်မှုမရှိ) (၁၅-၈-၂၀၂၃)



ဦးသန်းထွန်း၊ အမျိုးသားဒီမိုကရေစီပါတီသစ် ဥက္ကဋ္ဌ(သေဆုံး) (၁-၁၂-၂၀၂၃)



ဦးသန့်ဇင်(ထွေ/အုပ်ယာဉ်မောင်း)(မစိုးရိမ်ရ) (၁၃-၁၀-၂၀၂၄)



ဦးချိုထွန်းအောင်၊ သံအမတ်ကြီး(ငြိမ်း)၊(သေဆုံး) (၂၂-၅-၂၀၂၅)

*စာမျက်နှာ ၁၁ မှ*

ဖြစ်စဉ်တွင် တရားခံ ကျား ၁၃ ဦး၊ မ ၃ ဦး၊ စုစုပေါင်း ၁၆ ဦးတို့ကို လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၃ ခုနှစ် မတ်လတွင် Golden Valley Warrior အမည်ခံအကြမ်းဖက်အဖွဲ့အား ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ တရားခံပြေး ရည်မွန်၏ စီစဉ်ထောက်ပံ့ပေးမှုဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ Golden Valley Warrior အမည်ခံ အကြမ်းဖက်အဖွဲ့တွင် ဖမ်းဆီးရန်ကျန်တရားခံ ကိုထက် ခေါင်းဆောင်၍ အင်အား ရှစ်ဦးရှိပြီး ရန်ကုန်မြို့၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရန်နှင့် ၎င်းတို့ မကျေနပ်သည့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မေ ၁၅ ရက်တွင် Golden Valley Warrior အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဖမ်းဆီးရန်ကျန်တရားခံ ကိုထက်သည် Telegram မှတစ်ဆင့် ဦးချိုထွန်းအောင်၏ ဓာတ်ပုံနှင့် နေအိမ်တည်နေရာ Google Map တို့အား ပေးပို့ခဲ့ပြီး လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းခဲ့ကြောင်း၊ ဖမ်းဆီးရမိတရားခံများဖြစ်သည့် မျိုးကိုကို(ခ)စိုင်းကိုကို (ခ)ဇင်မင်းထက်(ခ)လင်းလက်ဇော်၊ မင်းစည်သူ(ခ)အငယ်လေး၊ ကျော်ဇင်သန့်(ခ)လွင်ကြီး(ခ) ကျော်ဇင်နှင့် ဖမ်းဆီးရန်ကျန်တရားခံ ချစ်ကိုကို(ခ)ကျော်ကြီးတို့သည် ဦးချိုထွန်းအောင်၏ နေအိမ် ဝန်းကျင်သို့ ခြောက်ကြိမ်သွားရောက်၍ အခြေအနေကြည့်ခဲ့ကြောင်း၊ မေ ၂၀ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံ ကိုထက်မှ မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ)လင်းလက်ဇော် ထံသို့ ပစ္စတို နှစ်လက်အား ပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

မေ ၂၂ ရက်တွင် မျိုးကိုကို (ခ) စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ)လင်းလက်ဇော်နှင့် ဖမ်းဆီးရန်ကျန်တရားခံ ချစ်ကိုကို(ခ)ကျော်ကြီးတို့သည် ကိုထက်မှ ငှားရမ်းပေးထားသည့် ရွှေပေါက်ကံမြို့သစ် (၂၂) ရပ်ကွက် သပြေခြံမြို့ပတ်လမ်း အမှတ်(ရ/၁၀၃/၁၀၄)ရှိ Safe House မှ စက်ဘီးဖြင့်ထွက်ခွာခဲ့ကြောင်း၊ ဦးချိုထွန်းအောင်၏ နေအိမ်ရှေ့အရောက်တွင် လမ်းလျှောက်နေသော ဦးချိုထွန်းအောင်အား မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ)လင်းလက်ဇော်မှ အသင့်ယူဆောင်လာသည့် ပစ္စတိုဖြင့် လေးချက်ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်စဉ် ပစ္စတိုကျည်ညှပ်သဖြင့် ရှင်းလင်းစဉ် ကျည်ပေါက်ထွက်၍ ၎င်း၏ဘယ်ခြေထောက်ကို ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းနောက် စက်ဘီးဖြင့် ရွှေပေါက်ကံမြို့သစ်ရှိ Safe House သို့ပြန်လာခဲ့ပြီး စက်ဘီးနှင့် လုပ်ကြံသတ်ဖြတ်စဉ် ဝတ်ဆင်ခဲ့သည့် အဝတ်အစားများအား စန်းထက်အောင်(ခ)ပဲခူးသားနှင့် ဝင်းသူ(ခ)ကုလားလေးတို့အား ဖွက်ထားခိုင်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ)လင်းလက်ဇော်၏ ထွက်ဆိုချက်အရ ၎င်းသည် ရရှိခဲ့သည့်ဒဏ်ရာအား ဆေးကုသရန်အတွက် ဖမ်းဆီးရန်ကျန်တရားခံ **အောင်သူမှ** ကြိုတင်ချိတ်ဆက်ပေးထားသည့် "လင်း"အထူးကုဆေးရုံရှိ DCS ဆရာဝန် ဇော်ကိုကိုထံသို့ သွားရောက်၍ လျှို့ဝှက်စွာဆေးကုသမှုခံယူခဲ့ကြောင်း၊ ထို့နောက် မိသားစုနှင့်အတူ ပခုက္ကူမြို့နယ်ဘက်၌ တိမ်းရှောင်ရန်သွားရောက်စဉ် ပုဂံမြို့ဟောင်း၌ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ တရားခံပြေး ရည်မွန်၏စေခိုင်းမှုဖြင့် Golden Valley Warrior အမည်ခံအကြမ်းဖက်အဖွဲ့သည် နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်ရည်ရွယ်၍ အောက်ပါအတိုင်း လုပ်ကြံသတ်ဖြတ်မှု လေးကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်-

(က) ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက် (ခ)လင်းလက်ဇော်သည် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် ဖွံ့ဖြိုးရေးလမ်းနေ ဥပဒေအတိုင်ပင်ခံ **ဦးမင်းတေဇာညွန့်တင်**အား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ဖမ်းဆီးရန်ကျန်တရားခံ ချစ်ကိုကို(ခ)ကျော်ကြီးတို့မှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။

(ခ) ၂၀၂၃ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် မျိုးကိုကို (ခ) စိုင်းကိုကို(ခ) ဇင်မင်းထက် (ခ) လင်းလက်ဇော်နှင့် ချစ်ကိုကို(ခ)ကျော်ကြီးတို့သည် ရွှေပြည်သာမြို့နယ် အမှတ်(၃)ရပ်ကွက် ပန်းခြံ(၄)လမ်း၌ **လုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦး**အား ပစ္စတိုဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့ပြီး **ဟန်လင်းအောင်** မှ အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

(ဂ) ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် မျိုးကိုကို(ခ) စိုင်းကိုကို(ခ) ဇင်မင်းထက် (ခ) လင်းလက်ဇော်သည် သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် ငမိုးရိပ်(၃) လမ်းနေ **အမျိုးသားဒီမိုကရေစီပါတီသစ်ဥက္ကဋ္ဌ ဦးသန်းထွန်း**အား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး မင်းစည်သူ(ခ) အငယ်လေးနှင့် ကျော်ဇင်သန့်(ခ) လွင်ကြီး (ခ)ကျော်ဇင် တို့မှ အခြေအနေစောင့်ကြည့် ပေးခဲ့ကြောင်း။

(ဃ) ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် မျိုးကိုကို(ခ)စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ)လင်းလက်ဇော်သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၁၁) ရပ်ကွက် အောင်မင်္ဂလာကျောင်းအနီးတွင် မစဖ အဖွဲ့ဝင်(၂)ဖြစ်သူ ဦးရွှေမန်းအား ပစ္စတိုဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ရာ **ယာဉ်မောင်း ဖြစ်သူ ဦးသန့်ဇင်**တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကျော်ဇင်သန့်(ခ)လွင်ကြီး(ခ) ကျော်ဇင်မှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ Golden Valley Warrior အကြမ်းဖက်အဖွဲ့သည် ရန်ကုန်မြို့အတွင်း၌ အပြစ်မဲ့ပြည်သူများအား ဒလန်အဖြစ်စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့ လုပ်ကြံသတ်ဖြတ်ခြင်းများအတွက် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG က တစ်ကြိမ်လျှင် နှစ်သိန်းကျပ် NUG Pay မှတစ်ဆင့် ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း သက်ဆိုင်ရာက အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါ ရောဂါများ ကူးစက် ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

- လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
  - (က) လူထူထပ်သောနေရာများသို့ သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊
  - (ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  - (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။
- တစ်ကိုယ်ရေကာကွယ်ရေး နည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand sanitizer)ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊
- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည် အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**
(၄-၆-၂၀၂၅)

## ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)၌ ပုံမှန်သင်တန်းများ စတင်ဖွင့်လှစ်



**တောင်ငူ ဇွန် ၅**

ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ၏ ပုံမှန်သင်တန်းများကို ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းများတွင် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ်၊ ဘွဲ့လွန်မဟာဘွဲ့သင်တန်းများကို ပညာသင်ကာလအလိုက် ဖွင့်လှစ်ပို့ချလျက်ရှိပြီး ကျောင်းသား ကျောင်းသူ ၅၀၃ ဦး ကျောင်းအပ်နှံသင်ကြားလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## မြိတ်တက္ကသိုလ်၌ ဘွဲ့ကြို၊ ဘွဲ့လွန်၊ ပါရဂူဘွဲ့ သင်တန်းများနှင့် ပုံမှန်သင်တန်းများဖွင့်လှစ်

**မြိတ် ဇွန် ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ မြိတ်တက္ကသိုလ်၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ဒုတိယပညာသင်ကာလ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ၊ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြိုပထမ ပညာသင်ကာလ သင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်း ကျောင်းသား ကျောင်းသူများသည် ကျောင်းဖွင့်ကာလ ဇွန် ၂ ရက်မှစတင်၍ အေးချမ်း စွာပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

မြိတ်တက္ကသိုလ်၏အတန်းအသီးသီးသို့ကျောင်းတက်ရန်လာရောက်ကြသည့်ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည်။

အဆိုပါဘာသာရပ်အလိုက် သင်တန်းများ ဖွင့်လှစ်သင်ကြားရာသို့ ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနေသွယ်ကြည်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာမိုးမိုးလွင်နှင့် ပါမောက္ခ/ဌာနမှူးများက ကျောင်းသား ကျောင်းသူများ၏ သင်ကြား သင်ယူနေမှုများ၊ ဓာတုဗေဒဌာနရှိ Chemical Store တွင် Chemical များထားရှိမှုနှင့်အဆောင်နေကျောင်းသား ကျောင်းသူများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား

### စကုမြို့ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား



**မင်းဘူး ဇွန် ၅**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် စကုမြို့ရှိ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၆၄ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

စကုမြို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း သုံးထပ်ဆောင်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များနှင့် တိုင်းဒေသကြီးအတွင်းရှိ အခြား မြို့နယ်များမှ Grade - 9 ပြီးမြောက် အောင်မြင်သော ကျောင်းသား ကျောင်းသူများက အတန်းအလိုက် တက်ရောက် ပညာသင်ကြားလျက်ရှိရာ ပထမနှစ် Grade-10 ၌ စက်မှုဘာသာရပ်တွင် ၃၅ ဦး၊ စိုက်ပျိုးရေးဘာသာရပ်တွင် ၂၉ ဦးနှင့် မွေးမြူရေးဘာသာရပ်တွင် ၂၁ ဦး စုစုပေါင်း ၈၅ ဦး၊ ဒုတိယနှစ် Grade - 11 ၌ စက်မှုဘာသာရပ်တွင် ၅၈ ဦး၊ စိုက်ပျိုးရေးဘာသာရပ်တွင် ၂၆ဦးနှင့် မွေးမြူရေးဘာသာရပ်တွင် ခုနစ်ဦး စုစုပေါင်း ၉၁ ဦး၊ တတိယနှစ် Grade - 12 ၌ စက်မှုဘာသာရပ်တွင် ၆၄ ဦး၊ စိုက်ပျိုးရေးဘာသာရပ်တွင် ၁၉ ဦးနှင့် မွေးမြူရေးဘာသာရပ်တွင် ငါးဦး စုစုပေါင်း ၈၈ ဦး အထိရှိကာ သတ်မှတ်အတန်းများအလိုက် ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၆၄ ဦး စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း ကျောင်းအုပ်ဆရာကြီး ဦးတိုးနိုင် ၏ ပြောကြားချက်အရ သိရသည်။

**မောင်မောင်(မင်းဘူး)**

### ကသာမြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိ



**ကသာ ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်မှ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစောနေသာနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများက အမှတ် (၁)၊ အမှတ်(၃)၊ အမှတ်(၂)နှင့် အထက(ခွဲ) လ(၁) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကျော်စွာထွန်း(ကသာ)**



မကွေးတက္ကသိုလ် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ဒုတိယနှစ်ဝက်နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်ဝက်သင်တန်းများကို ဇွန် ၂ ရက်မှ စတင်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရစဉ်။

မောင်ညီညာ

# ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကို အမေရိကန် ဗီတိုအာဏာသုံးပယ်ချ

ဝါရှင်တန် ဇွန် ၅

**ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အဟန့်အတားမရှိပေးပို့ရေး တောင်းဆိုထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အမေရိကန်ပြည်ထောင်စုက ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့သည်။**



လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် မဟုတ်သည့် အဖွဲ့ဝင် ၁၀ နိုင်ငံက ဇွန် ၄ ရက်တွင် အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းကို တင်သွင်းခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းတွင် အစ္စရေးနှင့် ဟားမားစ်တို့ကြား အမြဲတမ်းအပစ်အခတ်ရပ်စဲရေး၊ ကျန်ရှိနေသေးသည့် ဓားစာခံများ အားလုံးလွှတ်ပေးရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးအပ်မှုများ အပြည့်အဝပြန်လည်ပေးရေး စသည်တို့ကိုတောင်းဆိုထားသည်။

ဂါဇာရှိ လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများကို ဖြေရှင်းရန် ကောင်စီအနေဖြင့် အရေးတကြီးနှင့် ပြတ်ပြတ်သားသားလုပ်ဆောင်ရမည်ဟု ဆလိုဗေးနီးယားနိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာ သံအမတ် ဆန်မြူရယ် ဇဘိုဂါက ပြောကြားခဲ့သည်။

ကုလသမဂ္ဂဆိုင်ရာ ယာယီအမေရိကန် သံအမတ်ကြီး ဒေါ်ရိုသီရှီးယား က အဆိုပါ ဆုံးဖြတ်ချက်သည် အပစ်အခတ်ရပ်စဲရေးသို့ရောက်ရှိရန် ရည်ရွယ်သည့် သံတမန်ရေးရာ ကြိုးပမ်းမှုများကို ပျက်ပြားစေပြီး ဟားမားစ်တို့ကို မသင့်လျော်သည့်အကျိုးအမြတ်များ ပေးဆောင်သကဲ့သို့ဖြစ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ ဦးထဲတွင် ၁၄ ဦးသည် အဆိုပါ ဆုံးဖြတ်ချက်ကို ထောက်ခံမဲပေးခဲ့ကြသည်။ ယခုလို လုပ်ဆောင်ခြင်းသည် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့် ရာထူးရယူပြီးနောက်ပိုင်း အမေရိကန်ပြည်ထောင်စုက ပထမဆုံးအကြိမ်အဖြစ် ဗီတိုအာဏာကို သုံးစွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆုံးဖြတ်ချက်ကို ဆန့်ကျင်မဲပေးခဲ့သည့်အတွက် အမေရိကန်ပြည်ထောင်စုကို နိုင်ငံအများ အပြားက ရှုတ်ချခဲ့သည်။ အမေရိကန်၏ လုပ်ဆောင်ချက်သည် ငတ်မွတ်နေသည့် ပါလက်စတိုင်း နှစ်သန်းကျော်၏ အသက်များကို အန္တရာယ်ဖြစ်စေလိမ့်မည်ဟု သူတို့က ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

## ပလတ်စတစ် ညစ်ညမ်းမှုကို တိုက်ဖျက်ရန် အပြည်ပြည်ဆိုင်ရာမှ ပူးပေါင်းပါဝင်ပေးရေး ကုလတိုက်တွန်း

**ဂျီနီဗာ ဇွန် ၅**

ပလတ်စတစ် ညစ်ညမ်းမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံတကာ အသိုက်အဝန်းမှ ပူးပေါင်းပါဝင်ကြရန် ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ်၏ အကြီးအကဲက တိုက်တွန်းထားသည်။

ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်နေ့ မတိုင်မီ အင်န်အိတ်ချ်ကေနှင့်အင်တာဗျူး၌ ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ်၏ အမှုဆောင်ဒါရိုက်တာ အန်ဂါ အန်ဒရာဆင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ပလတ်စတစ်ညစ်ညမ်းမှု တားဆီးရေး ပထမဦးဆုံး တရားဝင်စည်းမျဉ်း စာချုပ်မူကြမ်း အကောင်အထည်ဖော်ရန် လွန်ခဲ့သည့်နှစ်က တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့တွင် အစိုးရအချင်းချင်း ညှိနှိုင်းရေးကော်မတီဝင်များ တွေ့ဆုံခဲ့သည်။

သို့သော်လည်း နိုင်ငံအချင်းချင်း ကွဲပြားမှုကြောင့် သဘောတူညီချက် မရရှိခဲ့ချေ။ ထို့ကြောင့် ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်နေ့တွင် ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေးကို အလေးပေးထားသည်။

ပလတ်စတစ်ညစ်ညမ်းမှုသည် ပြဿနာတစ်ခုဟု တစ်ကမ္ဘာလုံးက သတိပြုမိမည်ဟု ထင်ကြောင်း၊ ထို့ပြင် ကမ်းခြေနှင့်သမုဒ္ဒရာတို့အတွက်လည်း ပြဿနာဖြစ်ပြီး ကျွန်ုပ်တို့၏ မြေဆီလွှာနှင့်ရေရရှိရေးအတွက်ပင် ပြဿနာတစ်ခုဖြစ်နေကြောင်း အန်ဂါအန်ဒရာဆင်က ပြောကြားသည်။

ဩဂုတ်လ၌ ဆွစ်ဇာလန်နိုင်ငံ ကျင်းပမည့် ကော်မတီအစည်းအဝေးတွင် စာချုပ်မူကြမ်းအတွက် သဘောတူညီချက်ရရှိမည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## အိမ်နီးချင်းနိုင်ငံများတွင် ကိုဗစ်-၁၉ ကူးစက်မှုအသစ်များ တိုးလာ

ဂျကာတာ ဇွန် ၅

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင် ကိုဗစ်-၁၉ ကူးစက်မှုအသစ်များ တိုးလာခြင်းကြောင့် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုသည် ကျန်းမာရေးဝန်ကြီး ဘူဒီဂူနာဒီဆာဒီကင်အား ဇွန် ၅ ရက်က ဂျကာတာရှိ နိုင်ငံတော်နန်းတော်သို့ ဆင့်ခေါ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် နိုင်ငံတွင်းသို့ ကိုဗစ်-၁၉ မျိုးကွဲအသစ်များ ဝင်ရောက်လာခြင်းကို တားဆီးရန်နှင့် အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုစနစ် အားကောင်းလာစေရန် မဟာဗျူဟာအစီအမံများကို ဆွေးနွေးခဲ့ကြောင်း ဆာဒီကင် က ပြောကြားခဲ့သည်။ ပြည်သူများ စိုးရိမ်ထိတ်လန့်နေစရာမလိုကြောင်းနှင့် မျိုးကွဲသစ်များသည် အားအတော်ပျော့သော်လည်း သတိထားနေရန် အရေးကြီးသည်ဟု နန်းတော်မှထွက်ခွာပြီးနောက် ဆာဒီကင်က ပြောကြားခဲ့သည်။

ဆင်ဟွာ

## တောမီးမှ ထွက်ပေါ်လာသည့်မီးခိုးငွေ့များကြောင့် အော့တဝါနှင့် တိုရွန်တိုတို့တွင် မြူထူထပ်မှုများ ဆက်လက်ဖြစ်ပေါ်

**အော့တဝါ ဇွန် ၅**



အွန်တေရီယို မြောက်ပိုင်းနှင့် ပယ်ရီဒေသတို့တွင် လောင်နေသည့် တောမီးမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် ကနေဒါနိုင်ငံရှိ အဓိကမြို့ကြီးများဖြစ်သည့် တိုရွန်တိုနှင့် အော့တဝါတို့တွင် မြူများအုံ့ဆိုင်းမှုများ ဆက်လက် ဖြစ်ပေါ်နေကြောင်း ဒေသဆိုင်ရာမီဒီယာများက ဇွန် ၄ ရက်တွင် ဖော်ပြထားသည်။

အွန်တေရီယို မြောက်ပိုင်းရှိ လူများသည် လာမည့်ရက် အနည်းငယ်အတွင်း မီးခိုးမြူများနှင့် အုံ့ဆိုင်းနေသည့် ကောင်းကင်နှင့် အနီရောင်သန်းနေသည့် နေဝင်နေထွက်ချိန်များကို နှစ်ရက်ကြာ ကြုံတွေ့နိုင်သည်ဟု စီတီဗွီနယူးတွင် ဖော်ပြထားသည်။

တောမီးနှင့် မီးခိုးငွေ့များကို လေ့လာနေသည့် ဖိုင်းယားစမုတ်ခ်အဖွဲ့က ဇွန် ၅ ရက်အထိ တိုရွန်တိုဧရိယာတွင် တောမီးမှ ထွက်လာသည့် မီးခိုးငွေ့များ ဆက်လက်ရှိနေဦးမည်ဟု ခန့်မှန်းထားသည်။

တောမီးမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များသည် ဇွန် ၅ ရက် မွန်းလွဲပိုင်းအထိ အော့တဝါတွင် ဆက်လက်ရှိနေဦးမည်ဟု စီတီဗွီနယူးစ်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

## အီရတ်နိုင်ငံ၌ နိုင်ငံ၏ အလိုရှိဆုံးမူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူကို ဖမ်းဆီးရမိ

ဘဂ္ဂဒက် ဇွန် ၅

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်၌ စစ်ဆင်ရေးနှစ်ခုအတွင်း မူးယစ်ဆေးပြား ၃၀၀၀၀ ကို သိမ်းဆည်းရမိပြီး သံသယရှိသူ အများအပြားကိုလည်း ဖမ်းဆီးခဲ့ကြောင်း အီရတ်အမျိုးသားလုံခြုံရေးအဖွဲ့က ဇွန် ၄ ရက်တွင် ပြောကြားသည်။

ပထမစစ်ဆင်ရေးတွင် နိုင်ငံ၏ “အလိုရှိဆုံး” မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူကို ရာမာဒီခရိုင်၌ ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါသံသယရှိသူထံမှ မူးယစ်ဆေးပြား ၃၀၀၀ ကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း အိုင်အင်န်အက်စ်အက်စ်က ထုတ်ပြန်ချက်တွင် ပြောကြားသည်။ တရားမဝင်လှုပ်ရှားမှုများ လုပ်ကိုင်နေသည့် ဂိုဒေါင်တစ်ခုကို ပစ်မှတ်ထားသည့် ဒုတိယစစ်ဆင်ရေးမှာ စိတ်ကိုပြောင်းလဲစေသည့် ဆေးပြား ၃၀၀၀၀ ကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း အိုင်အင်န်အက်စ်အက်စ်က ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

## ယီမင်ရှိ ဟူသီအုပ်စုက အစ္စရေးနိုင်ငံ ဘင်ဂူရီယန်လေဆိပ်သို့ ဒုံးနှစ်စင်းဖြင့် တိုက်ခိုက်

**ဆာနား ဇွန် ၅**

ယီမင်ရှိ ဟူသီအုပ်စုက အစ္စရေးနိုင်ငံအလယ်ပိုင်း ဘင်ဂူရီယန်လေဆိပ်သို့ ဇွန် ၄ ရက်က ဒုံးနှစ်စင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း ယီမင်ရှိ ဟူသီအုပ်စု၏ ပြောရေးဆိုခွင့်ရှိသူ ယာ့ယာဆာရီယာက ဇွန် ၄ ရက် ညပိုင်းက ပြောကြားသည်။

ဂါဇာသို့ အစ္စရေး၏ ကျူးကျော်မှုများ ရပ်တန့်ပြီး တားဆီးပိတ်ဆို့မှုများ ရုပ်သိမ်းသည်အထိ ၎င်းတို့၏ စစ်ဆင်ရေးများကို ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆာရီယာက ထုတ်ပြန်ချက်တွင် ပြောကြားမှုကို ဟူသီပိုင်အယ်မာဆီရာ့တီဗွီက ထုတ်လွှင့်ခဲ့သည်။

အရှေ့ဘက်မှ လွှတ်တင်သည့် ဒုံးတစ်စင်းကို ကြားဖြတ်ဟန့်တားခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ဇွန် ၄ ရက် ညနေပိုင်းက အတည်ပြုပြောကြားသည်။

ယီမင်နိုင်ငံ မြောက်ပိုင်းကို ထိန်းချုပ်ထားသည့် ဟူသီအုပ်စုက ဂါဇာ၌ အစ္စရေး-ဟားမားစ် ပဋိပက္ခများအတွင်း ပါလက်စတိုင်းနှင့် စည်းလုံးညီညွတ်မှုကို ပြသသည့်အနေဖြင့် ၂၀၂၃ ခုနှစ်မှစကာ အစ္စရေးကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဟူသီအုပ်စုသည် ဇွန် ၃ ရက်ကလည်း အစ္စရေးကာကွယ်ရေးစနစ်များက ကြားဖြတ်ဟန့်တားခဲ့သည့်အသံထက်မြန်သည့် ပွဲထိန်းဒုံးကျည်တစ်စင်းကို ဘင်ဂူရီယန်လေဆိပ်သို့ ပစ်လွှတ်ခြင်းမှာ မိမိတို့ လက်ချက်ဖြစ်ကြောင်း ပြောကြားသည်။ **ဆင်ဟွာ**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား တက်ရောက်

မကွေး ဇွန် ၅

**၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမဥ္စကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်အမှာစကား ပြောကြားသည်။**



ဆက်လက်၍ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ဗီဒီယိုပြသခြင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အသိပညာပေး ဗီဒီယိုကလစ်ပြသခြင်းတို့ ဆောင်ရွက်ပြီး မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကျင်းပသော ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ဆုရကျောင်းများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများအား လည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော ကျေးရွာဆုအား အနောက်ပိုင်းလေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထွန်းဦးက ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများအား လည်းကောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးများက ဂုဏ်ပြုဆုငွေများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် အမှတ်တရဓာတ်ပုံများ ရိုက်ကူးပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ခင်းကျင်းပြသထားသော ပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။ (ဝဲပုံ) အခမ်းအနားတွင် တက်ရောက်လာသူများအား Recycle bag ၊ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လက်ကမ်း စာစောင်များ၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ Logo ပါ မျက်နှာသုတ်ပဝါ၊ အချိုရည်နှင့်မုန့်များအား အမှတ်တရလက်ဆောင်ဝေငှခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း (ပြန်/ဆက်)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ဖျာပုံမြို့မရဲစခန်း အချုပ်ခန်းနှင့် ဖျာပုံအကျဉ်းထောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၅

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးသန်းဝင်းတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်ရှိ ဖျာပုံမြို့မရဲစခန်း အချုပ်ခန်းနှင့် ဖျာပုံအကျဉ်းထောင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ဖျာပုံမြို့မရဲစခန်းအချုပ်ခန်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှုအခြေအနေ၊ တရားရုံးတွင် ရုံးထုတ်ချိန် ကာလအတွင်း စားသောက်ရေး စီစဉ်ပေးမှုအခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှုအခြေအနေ၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင် ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့ကို အချုပ်သား / အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ဖျာပုံအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံပြီး အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူ တစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးနှင့် ညီညွတ်သောအစားအသောက်များ ကျွေးမွေးမှုအခြေအနေ၊ အကျဉ်းသားများအား ကျန်းမာရေး စောင့်ရှောက်မှု၊ အကျဉ်းသား၏ ရောဂါအခြေအနေအပေါ်မူတည်၍ ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှုအခြေအနေ၊ သန့်ရှင်းသော သောက်ရေပေးဝေမှုနှင့် ချိုးရေ၊ သုံးရေ လုံလောက်စွာရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနိုင်မှု အခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ လက်ခံရရှိမှု အခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိမှု အခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေး အတွက် ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်ပေးမှု အခြေအနေ၊ ယုံကြည်ရာကိုးကွယ်သည့်ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့်အခြေအနေ၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးနေမှုအခြေအနေ၊ အကျဉ်းသား အကျဉ်းသူများအား အကျဉ်းထောင်ဝန်ထမ်းများက လည်းကောင်း၊ အကျဉ်းသား အချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိအခြေအနေတို့ကို မေးမြန်းခဲ့ပြီး (ဝဲပုံ) အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန် ဗဟုသုတရဖွယ် စာအုပ်စာပေများကို လှူဒါန်းသည်။

ထို့နောက် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ အကျဉ်းထောင်ဆေးခန်း၊ စာကြည့်တိုက်၊ ထောင်ဝင်စာတွေ့ဆုံသည့်နေရာ၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်များ၊ သုံးရေအတွက် မြစ်ရေမှ ရေစုကန်၊ ၎င်းမှတစ်ဆင့် ရေစစ်ကန်သို့ ရေဖြန့်ဝေပေးသည့်နေရာ၊ သုံးရေ၊ ချိုးရေကန်များ၊ အတွင်း အပြင် မိလ္လာများနှင့် မိုးရေစုဆောင်းထားသည့် မြေသားရေကန် အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

## အကြံပြုပေးပို့သွားမည်

ကြည့်ရှုစစ်ဆေးရေး အဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြု ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

## မင်းဘူးမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနား ကျင်းပ

**မင်းဘူး ဇွန် ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက မင်းပူးဦးသြဘာသမြို့နယ်ခန်းမ၌ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးလွင်က အမှာစကားပြောကြားသည်။ ထို့နောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ (Video Clip)၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) အမှုဆောင်ညွှန်ကြားရေးမှူး၏ (Video Clip) နှင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေး (Video Clip) ပြသခြင်းများ ဆောင်ရွက်သည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မင်းဘူးခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနက ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် မင်းဘူးခရိုင်အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း အထက်တန်းနှင့် မူလတန်းအဆင့်ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ဆုရကျောင်းများကို ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပြခန်းအတွင်း ခင်းကျင်းပြသထားရှိမှုများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**



## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**သံဖြူဇရပ် ဇွန် ၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်နယ်သစ်တော ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တော ဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျိုက္ခမီမြို့ ဓမ္မစေတီ ရပ်ကွက် ပင်လယ်ရေချောင်း ရေဒီယိုစခန်းအနီးရှိ မြေကွက်လပ်၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်၊ မြို့နယ် သစ်တောဦးစီးမှူး ဦးဝင်း ဗိုလ်ဦးတို့က ပျိုးပင်များကိုကျေးရွာ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ နှင့် အသင်းအဖွဲ့များထံ ပေးအပ် သည်။

ထို့နောက် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ဆက်လက် ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ နှင့် ပြည်သူများက ပျဉ်းကတိုး ၁၀၀၊ မဟော်ဂနီ ၁၀၀ စုစုပေါင်း ၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ သည်။

သံဖြူဇရပ်မြို့နယ် သစ်တော ဦးစီးဌာန ပျိုးခင်း၌ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ သဃ်န်း၊ မန်ကျည်းရှား၊ သစ်ခါး၊ စိန်ပန်း စုစုပေါင်းပျိုးပင် ၂၅၀၀၀ ကို ပျိုးထောင်ထားရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ် လိန်တောကြိုးပြင်ကာကွယ်တော၌ ခရိုင်အဆင့် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မိတ္ထီလာ ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မိတ္ထီလာကန်ရေဝေရေလဲ ဧရိယာအတွင်းကျရောက်သော လိန်တောကျေးရွာအုပ်စု လိန်တော ကြိုးပြင်ကာကွယ်တော၌ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် ခရိုင်အဆင့် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် သစ်ပင်စိုက်ပျိုး ကြမည့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများထံသို့ အရိပ်ရနှစ်ရှည် ပျိုးပင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်နှင့် တာဝန်ရှိသူများက ပေးအပ်သည်။



ဆက်လက်၍ လိန်တောကြိုးပြင် ကာကွယ်တောအတွင်း၌ အရိပ်ရ နှစ်ရှည်ပျိုးပင်များဖြစ်သည့် တမာ၊ မဲဇလီ၊ စိန်ပန်း၊ ဗာဒံ၊ မန်ကျည်း၊ မယ်ဇယ်၊ ရေတမာ စုစုပေါင်း ပျိုးပင်ပေါင်း ၅၀၀ တို့ကို ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံ ပြည်သူများက စိုက်ပျိုးကြသည်။ ထို့နောက် ဌာနဆိုင်ရာများနှင့် ဒေသခံ ပြည်သူများ၏ သစ်ပင်စိုက်ပျိုးနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။

**ချမ်းသာ(မိတ္ထီလာ)**

## ညောင်တုန်းမြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ညောင်တုန်း ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင် တုန်းမြို့နယ်၌ မြို့နယ်သစ်တော ဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်း စိုပြည်ရေး၊ ရာသီဥတုကောင်းမွန် မျှတရေး၊ သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်းနှင့် ဒေသအပူချိန် လျှော့ချနိုင်စေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက စက္ကော့တောင် ကျေးရွာအုပ်စု အုန်းပင်စုကျေးရွာ၌ စုပေါင်း စိုက်ပျိုးသည်။



အဆိုပါ သစ်ပင်စိုက်ပျိုး ပွဲတော်တွင် မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တော ဦးစီးဌာန ဦးစီးမှူး ဦးမင်းအေးချမ်း ဇွန်နှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်း ၅၀၊ မန်ဂျန်ရှား ၂၇၅ ပင်နှင့် မဟော်ဂနီ ၂၇၅ ပင်တို့ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မူလတန်းကြိုကျောင်းကလေးများအား အာဟာရကျွေးမွေးလှူဒါန်း

**ရပ်စောက် ဇွန် ၅**

ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ နာယက ဒေါ်ညိုမီစောက ရပ်စောက်မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ပိုင် မူလတန်းကြိုကျောင်းရှိ ကလေးများအား ဇွန် ၄ ရက်က အာဟာရဒါန လှူဒါန်းခဲ့သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့်အဖွဲ့ဝင် များ၊ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့မှ တာဝန်ရှိသူများက မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းပိုင် မူလတန်းကြိုကျောင်း မှ ကလေးများအား ရင်းနှီးစွာ တွေ့ဆုံပြီး ကလေးများက ကဗျာ များ ရွတ်ဆို၍ ကြိုဆိုနှုတ်ဆက်ကြ



သည်။ ထို့နောက် ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကက လှူဒါန်းသော နေ့လယ်စာ ခေါက်ဆွဲကြော်နှင့် အာဟာရပဲနို့ နှင့် Cake Sandwich ကို လည်း ကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့မှ တာဝန်ရှိသူများက လည်း ကောင်း မူကြိုကျောင်း ကလေး ငယ် ၅၂ ဦးအား ကျွေးမွေးခဲ့ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ် ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




**၇-၆-၂၀၂၅ ရက်(စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေး ဂျာနယ် အတွဲ (၅၇)၊ အမှတ် (၂၃) တွင်** အိုမင်းမစွမ်းသော မိခင်အိုကြီးအပေါ် အမြင်မှန်ရ သွားသော မိခင်အိုကြီး၏သားနှင့် ချွေးမအကြောင်း သရုပ်ဖော်ထား သည့် "ဘွားဘွားရဲ့ စားပွဲလေး" မျက်နှာဖုံးကာတွန်း၊ ရှေးခေတ် လူတို့၏ လက်ချုပ်အပ်ကို အဆင့်ဆင့်တိုး၍ တီထွင်ဖန်တီးခဲ့ကြပုံ အကြောင်း ရေးသားထားသည့် "အပ်" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ တစ်ပါးသူ ရှာဖွေထားသော အစာများကို ပိုင်ရှင်မသိအောင် ခိုးစားမိရာက ဒုက္ခကြီးစွာ ရောက်ရသော အချောင်သမား ကျီးကန်းအကြောင်း သရုပ်ဖော်ထားသည့် "အချောင်သမား ကျီးကန်း" နှစ်မျက်နှာ ကာတွန်း၊ ကြာပန်းများကို ကြာဆစ်ကြိုးပြုလုပ်ပြီး တစ်ယောက်နှင့် တစ်ယောက် အလှပြိုင်နေကြသော ထွေးမြတို့ သူငယ်ချင်းတစ်စု သည် ကြာပန်းလေးများကို ကြည့်ပြီး ဗုဒ္ဓမြတ်စွာဘုရားအား အတိုင်းမသိ ကြည်ညိုနေမိပုံအကြောင်း ဖတ်ရှုရမည့် "ကြာပန်းခူး ဖို့ သွားကြစို့" ဝတ္ထုကဏ္ဍ၊ သူ့ဖေဖေ ဝယ်ထားပေးသော အိမ်လှလှ လေးကိုသူငယ်ချင်းများထံ ပြောပြလိုက်သော ထော်လေးအကြောင်း သရုပ်ဖော်ထားသည့် "ထော်လေး" တစ်မျက်နှာဟာသကာတွန်း၊ ပညာလေ့လာဆည်းပူးနေကြသော ကျောင်းသား ကျောင်းသူများ နှင့်အတူ ပနံသင့်လှသော ကျောင်းဥယျာဉ်အကြောင်း ရေးဖွဲ့ထား သည့် ဆရာ မင်းရွှေမိုး၏ "ကျောင်းဥယျာဉ်" ကဗျာကဏ္ဍ အပါအဝင် အင်္ဂလိပ်စာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရသော ဆိုင်များတွင် အခွန်ဆိုင်ရာ အသိပေးကြေညာ ချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ဇွန် ၄ ရက်က ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးအောင် ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် ရဲတပ်ဖွဲ့၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်ပြည်တွင်းအခွန် များဦးစီးဌာနတို့ စစ်ဆေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ် ရပ်ကွက်အတွင်းရှိ အများပြည်သူများအား ဇွန် ၃ ရက်က အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ပန်းခင်း စီမံချက်အဆင့်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ရာ ခရိုင်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဟိန်း ကျော်အောင်၊ မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်း၊ အောင်ပင်လယ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းတို့ ကြည့်ရှုအားပေးစဉ်။ ဇော်ဘီ

# ဟုမ္မလင်းမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**ဟုမ္မလင်း ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၈ နာရီက ဟုမ္မလင်းမြို့ ဥရုဂေါ်ကွင်းအတွင်း၌ ပြုလုပ်သည်။



အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်၊ ဟုမ္မလင်း လေတပ်စခန်းဌာနချုပ်မှူးဗိုလ်မှူးချုပ် မြတ်မင်းသန့်၊ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမျိုးဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးခွန်ဖိုးတို့က စိုက်ပျိုးပင်များကို တာဝန်ရှိသူများထံ အသီးသီးပေးအပ်ခဲ့ပြီး သတ်မှတ်နေရာများတွင် ကျွန်းပင် ၁၂၀၊ ပျဉ်းကတိုးပင် ၁၀၀၊ မဲဇလီပင် ၃၀၊ သပြေဘူတပင် ၅၀၊ ခရေပင် ၅၀၊ ကံ့ကော်ပင် ၅၀၊ စိန်ပန်းပင် ၁၀၀ စုစုပေါင်း အပင် ၅၀၀ ကို ဌာနဆိုင်ရာများ၊ တပ်နယ်မှ အရာရှိစစ်သည်များ၊ အသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်၊ ဟုမ္မလင်း လေတပ်စခန်းဌာနချုပ် တပ်နယ်မှူး ဗိုလ်မှူးချုပ် မြတ်မင်းသန့်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဝဏ္ဏအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခွန်ဖိုးနှင့် ဝန်ထမ်းများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပပစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဒွံစေ့နှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဟုမ္မလင်းတပ်နယ်မှ အရာရှိများ၊ စစ်သည်များနှင့် စစ်သည်ရဲမေများ၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ စုစုပေါင်း ၅၂၀ ခန့် တက်ရောက်ခဲ့ကြသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**

# နောင်မွန်း - ပန်နန်းဒင်သွား မေခမြစ်ကူး(လူကူး) ကြိုးတံတားပျက်စီးခဲ့မှု ပြန်လည်ပြုပြင်ပြီးစီး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်များ ပို့ဆောင်

**နေပြည်တော် ဇွန် ၅**

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နောင်မွန်းမြို့နယ် နောင်မွန်း – ပန်နန်းဒင်သွား မေခမြစ်ကူး(လူကူး) ကြိုးတံတား အရှည်ပေ ၃၄၀၊ အကျယ် ခြောက်ပေသည် မေ ၃၁ ရက်တွင် မေခမြစ်ရေ အဆမတန်မြင့်တက်မှုကြောင့် မြစ်အတွင်းမျောပါသွားခဲ့သည်။ အဆိုပါ ပန်နန်းဒင် မေခမြစ်ကူး(လူကူး) ကြိုးတံတားပျက်စီးခဲ့မှုကို ဌာနဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြန်လည်ဆောက်လုပ်ခဲ့ရာ ယမန်နေ့က ဆောက်လုပ်ပြီးစီး၍ ဒေသခံပြည်သူများ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများသည် နောင်မွန်းမြို့နယ်အတွင်းရှိ ပန်နန်းဒင်မြို့နှင့် ထလာထုကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ကုန်များ တင်ဆောင်ထားသည့် မော်တော်ယာဉ်ငါးစီးကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါမော်တော်ယာဉ်များသည် ယနေ့နံနက်ပိုင်းတွင် ရေဘေးသင့်ပြည်သူများထံသို့ ပို့ဆောင်ရန် ပူတာအိုမြို့မှ စတင်ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒေသဆိုင်ရာအစိုးရများနှင့် မိတ်ဖက်မြို့များ ပူးပေါင်းဆောင်ရွက်ရေး ဟွမ်ရှန်းဖိုရမ် ကျင်းပ

**ဟွမ်ရှန်း ဇွန် ၅**




ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership – RCEP) ၏ ၂၀၂၅ ခုနှစ် ဒေသဆိုင်ရာအစိုးရများနှင့် မိတ်ဖက်မြို့ပြများ ပူးပေါင်းဆောင်ရွက်ရေး ဟွမ်ရှန်းဖိုရမ် (2025 RCEP Local Governments and Friendship Cities Coopreation Huangshan Forum)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန်းဟွေးပြည်နယ် ဟွမ်ရှန်းမြို့၌ ဇွန် ၄ ရက်မှ ၆ ရက်အထိ ကျင်းပလျက်ရှိသည်။

"ဒေသဆိုင်ရာ မိတ်ဖက်ပြုမှုဖြင့် ဘုံဖွံ့ဖြိုးရေး" ဆိုသည့် ဆောင်ပုဒ်ဖြင့် ကျင်းပသည့် ဟွမ်ရှန်းဖိုရမ်တွင် RCEP အဖွဲ့ဝင်နိုင်ငံများအကြား လျှပ်စစ်ကား EV၊ စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်များ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ၊ အဖွဲ့ဝင်နိုင်ငံများနှင့် Yangtze River Delta လူငယ်စီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေးပွဲ၊ စိုက်ပျိုးရေးထွက်ကုန်များနှင့် နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများကို ကျင်းပသွားမည့်အပြင် "၂၀၂၅ ခုနှစ် RCEP ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာ" ထုတ်ပြန်ခြင်း၊ RCEP ကမ္ဘာ့အမွေအနှစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ် ထူထောင်ရန် အဆိုပြုခြင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များ၊ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များ၊ ညီအစ်မမြို့ပြများ ဖွဲ့စည်းခြင်းဆိုင်ရာ လက်မှတ်ရေးထိုးပွဲများနှင့် ဒေသဆိုင်ရာထုတ်ကုန်ပြပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

RCEP သည် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် တစ်ခုဖြစ်ပြီး လူဦးရေအများဆုံး၊ ကုန်သွယ်မှုပမာဏနှင့် အကြီးမားဆုံးတိုးတက်မှု အလားအလာတို့ကို လွှမ်းခြုံထားသည့် စီးပွားရေးအသိုက်အဝန်း တစ်ခုဖြစ်သည်။

ဟွမ်ရှန်းဖိုရမ်သည် ဒေသဆိုင်ရာစီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် တရုတ်နိုင်ငံက ဦးဆောင်ကျင်းပသည့် ဆွေးနွေးပွဲဖြစ်ပြီး RCEP အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**လင်းလင်း**

# အုတ်တွင်းမြို့နယ်ရှိ သမဝါယမအသင်းများ စိုက်ပျိုးသည့် ထိုင်းနှံကောက်စပါးများထွက်ရှိ

**ပဲခူး ဇွန် ၅**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ မြို့နယ်သမဝါယမအသင်းစု၏ ပံ့ပိုးငွေဖြင့် ထိုင်းနှံကောက်အမျိုးအစားစပါးများကို ရေလျှံစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းတွင် စိုက်ဧက ၄၀၊ နတ်စဉ်ကုန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းတွင် စိုက်ဧက ၂၅ ဧက၊ ဘန့်ဘွေးကုန်း-၃ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းတွင် စိုက်ဧက ၂၅ ဧကတို့ကို စိုက်ပျိုးထားရှိပြီး အဆိုပါစပါးများ ရိတ်သိမ်းရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း တင်း ၁၀၀ ကျော်ခန့် ထွက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းရယ်မြို့နယ်၌ နွေစပါးစံကွက် ရိတ်သိမ်း

**မိုင်းရယ် ဇွန် ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးတစ်ဧက တင်းတစ်ရာနှုန်းထွက်ရှိရေး ၁၀ ဧကစံကွက် ရိတ်သိမ်းခြင်းကို ယနေ့နံနက် ၉ နာရီက နားခိုမြောက်ကွင်း၊ ကွင်းအမှတ် (၁၇)၊ ဦးပိုင်အမှတ်(၄)၊ တောင်သူ ဦးကိုက်ကျော်ပိုင် စံပြကွက်၌ ပြုလုပ်သည်။

အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဦးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး စံကွက်များရိတ်သိမ်းရာ အောင်နိုင်တိုး(YSR-1) အမျိုးအစား တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း အစို ၁၅၂ ဒသမ ၃၄ တင်း၊ အခြောက် ၁၃၂ ဒသမ ၃၄ တင်း ထွက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇွန် ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ကာယံ" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အမှတ်(၇) ရပ်ကွက်နေ လင်းလင်းထွန်းအား မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Shwe Zin Khaing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာနေ ရွှေဇင်ခိုင်(ခ) ရွှေဇင်အား ည ၉ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြို့နယ်အသီးသီး၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

## သထုံ

မွန်ပြည်နယ် သထုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် မြို့နယ်သစ်တောဦးစီးဌာနမှ စီစဉ်ပြုလုပ်သည့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက်က မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းရှေ့၌ ပြုလုပ်သည်။

အခမ်းအနားတွင် သထုံတပ်နယ်မှူး ဗိုလ်မှူးကြီးအောင်အောင်ဟိန်း၊ သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန့်ဇင်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးစိုးမင်းအောင်တို့က ဌာနဆိုင်ရာများ၊ ပြည်သူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးအသင်းအဖွဲ့များ၊ လူမှုကူညီရေးအဖွဲ့များနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(သထုံ) ကျောင်းသား ကျောင်းသူတို့ထံ စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်ကြသည်။

ယင်းနောက် သထုံတပ်နယ်မှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက ပျိုးပင်များကို သတ်မှတ်ထားသည့် စိုက်ပျိုးမြေနေရာတို့၌ စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မိုင်းပျဉ်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက်က မြို့မဈေး အရှေ့ဘက် စည်ပင်သာယာကွင်း၌ ကျင်းပသည်။

ဦးစွာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ပြည်သူလတ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့် အဖွဲ့ဝင်များက ပျိုးပင်များပေးအပ်ကြရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများက ပျိုးပင်များ လက်ခံယူသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၁၅၀၊ မန်ကျည်းရှား ၁၇၅ ပင်နှင့် မဲဇလီ ၁၇၅ ပင်၊ စုစုပေါင်းပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်နယ်မှအရာရှိကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**



## ပေါင်

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနကကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ကော့ထော် ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း၌ ပြုလုပ်သည်။

ဦးစွာ စိုက်ပျိုးမည့်ပျိုးပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် သစ်တောဦးစီးဌာန တောအုပ်ကြီး



ဦးဇော်လွင်ဦးက တက်ရောက်လာသူများထံ ပေးအပ်၍ စုပေါင်းသစ်ပင်စိုက်ပျိုးသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့်အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများက ကျွန်း ၂၀၀၊ ပျဉ်းကတိုး ၂၀၀၊ မန်ကျည်းရှား ၂၀၀၊ စိန်ပန်းကြီး ၈၀ စုစုပေါင်း ပျိုးပင် ၆၈၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

## လှိုင်လင်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန လှိုင်လင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူး၍ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ဇွန် ၅ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်လင်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကြည်မြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ ပြည်နယ်အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု ဒုတိယဆုရရှိသည့် ပင်လုံမြို့ အထက(၁)၏ ဗီဒီယိုကလစ်တို့ကို ပြသပြီးနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အထက(၁) ပင်လုံကျောင်းအုပ်ဆရာမကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး ( Ending Plastic Pollution Globally) ဆောင်ပုဒ်ဖြင့်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**လှိုင်လင်မိုး**

## တာချီလိတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၅ ရက်က အောင်မြတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဝေသုံက အမှာစကားပြောကြားပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်"ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့်ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် အခြေခံပညာအဆင့် စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိ သည့် ကျောင်းသား ကျောင်းသူများအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူး ကြီး ကျော်မင်းထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဝေသုံနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းသိန်းတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပြခန်းကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသပြီး အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**



## လပွတ္တာ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းနေ့အထိမ်းအမှတ်အဖြင့် သစ်တောဦးစီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၅ ရက်က (၃)မိုင်မြို့ (၂)ရပ်ကွက်ရှိ မြသိန်းတန်ဘုရားကြီးဝင်းအနီး၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းနိုင်နှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းကျောင်းများမှ သင်တန်းသား၊ သင်တန်းသူများ၊ ဆရာ ဆရာမများနှင့် ပြည်သူများက မန်ကျည်းရှား ၁၄၅၀၊ မဟော်ဂနီ ၃၀၀၊ စိန်ပန်း ၁၅၀၊ ကံ့ကော် ၁၅၀၊ ကျွန်း ၅၀၊ ပျဉ်းကတိုး ၅၀ နှင့် ခရေ ၁၀၀ စုစုပေါင်း ပျိုးပင်ပေါင်း ၂၂၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ညောင်လေးပင်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက်က ညောင်လေးပင်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်း ဟောင်း အရှေ့ဘက် မိုင်တိုင်အမှတ် (၈၁/၂) မိုင်အနီးတွင် စိုက်ပျိုးခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတော်၌ ကျွန်း ၅၀၊ ယူကလစ် ၁၀၀၊ မန်ကျည်းရှား ၃၀၀ နှင့် မဲဇလီ ၅၀ စုစုပေါင်းပျိုးပင် ၅၀၀ တို့ကို သစ်တောပြုန်းတီးမှုများ မဖြစ်ပေါ်စေရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတစေရေးနှင့် အရိပ်အာဝါသရရှိစေရန် ရည်ရွယ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများက ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပခဲ့ကြောင်း သိရသည်။ **နီနီဝင်း(ပြန်/ဆက်)**



## ကျောက်ဆည်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ကျောက်ဆည် ဇွန် ၅**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့ အင်္ဂဏာဝါရပ်ကွက်ရှိ မဇ္ဈူသကခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကား ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသူများက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာဗီဒီယို၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်(UNEP)၏ ဗီဒီယိုများကို ကြည့်ရှုကြသည်။ ယင်းနောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲမှ ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်သည်။ ယင်းနောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်နေ့ အသိပညာပေးဗီဒီယိုများ ကြည့်ရှုသည်။ **ခရိုင်(ပြန်/ဆက်)**



## မြိတ်တက္ကသိုလ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မြိတ် ဇွန် ၅**

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြိတ်တက္ကသိုလ် ပုလဲသစ္စာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးက အမှာစကားပြောကြားသည်။ ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာဗီဒီယို၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP)၏ ဗီဒီယို၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဗီဒီယိုများကို ပြသရာ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထက်တန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ အခမ်းအနားအပြီးတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## မအူပင်မြို့၌ ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မအူပင် ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြို့နယ်သစ်တောဦးစီးဌာနကကြီးမှူး၍ ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲအား ယနေ့နံနက်ပိုင်းက ညောင်ဝိုင်းကျေးရွာရှိ မအူပင်စက်မှုဇုန်ဝင်း အတွင်း ကျင်းပသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအား မြို့နယ်သစ်တောဦးစီးဌာန ဦးစီးဌာနမှူး ဦးဝင်းရွှေက ပျိုးပင်များပေးဝေပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ



များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ မအူပင်စက်မှုဇုန်ဥက္ကဋ္ဌ ဦးအောင်ကျော်မင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ကျွန်း ၄၀၊ မန်ကျည်းရှား ၂၀၀၊ ယမနေ ၁၅၀၊ စိန်ပန်း ငါးပင်၊ ကံ့ကော် ငါးပင်၊ ခရေ ၅၀၊ မဟော်ဂနီ ၅၀ တို့ကို စနစ်တကျ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## ခရိုင်အဆင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကျင်းပ

**သာယာဝတီ ဇွန် ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီ ခရိုင်သစ်တောဦးစီးဌာနမှ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ခရိုင်အဆင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မွေးမြူရေးနှင့် စိုက်ပျိုးရေးသိပ္ပံ ကျောင်းဝင်း၌ ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ထွေးက ဌာနဆိုင်ရာများ၊ မွေးမြူရေးနှင့်စိုက်ပျိုးရေးသိပ္ပံကျောင်းအုပ်ဆရာမကြီးနှင့် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းထံသို့ ပျိုးပင်များ ပေးအပ်သည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်ဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးသိပ္ပံ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၄၅၀ ခန့်တို့က ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ကံ့ကော်၊ ခရေ၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ ကုက္ကိုလ်နှင့် စိန်ပန်း စသည့် ပျိုးပင်စုစုပေါင်း ၅၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မိတ္ထီလာမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မိတ္ထီလာ ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက အစိုးရနည်းပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်ဖြစ်သော "ကမ္ဘာ့တစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်အေးစန္ဒာက အသိပညာပေးဟောပြောသည်။ ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂ(UN)နှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်(UNEP)တို့က ပေးပို့သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်ကိုပြသပြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့နှင့် ပတ်သက်သော ဉာဏ်စမ်းမေးခွန်းများကို တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား လက်ထောက်ညွှန်ကြားရေးမှူးက မေးမြန်းပြီး အဖြေမှန် ဖြေဆိုနိုင်သူများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အခမ်းအနားသို့ တက်ရောက်လာသူများက ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေးစုပေါင်းကမ်ပိန်းများ၊ အသိပညာပေးဟောပြောပွဲများနှင့် အလက(ခွဲ) ရန်မျိုးအောင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတို့ကိုလည်း မြို့နယ်အတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## ဘီးလင်းမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဘီးလင်း ဇွန် ၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ရွှေလှေကျေးရွာ အမက (တပ်မြေ) ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးခိုင်မွန်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်နှင့် စီမံအဖွဲ့ဝင်များထံ ပျိုးပင်များ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက မန်ကျည်းရှားပင် ၂၇၀၊ မဟော်ဂနီပင် ၂၇၀ တို့ကို အမက(တပ်မြေ) ကျောင်းဝင်းအတွင်း၌ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီး မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဖိတ်ခေါ်စာပေပြိုင်ပွဲ

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှကြီးမှူး၍ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အနေဖြင့် ကဗျာဘာသာရပ်၊ ဆောင်းပါးဘာသာရပ်၊ ဝတ္ထုတိုဘာသာရပ်ဟူ၍ ဘာသာရပ်သုံးမျိုး ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်။

(က) ကဗျာဘာသာရပ်အတွက် မြန်မာ့ဂန္ထဝင်ကဗျာဖွဲ့ဆိုပုံနည်းစနစ်အတိုင်း ရေးဖွဲ့ထားသောကဗျာ ဖြစ်ရမည်။ ပါဒ(၂၀၀)မှ (၃၀၀)အထိ ရေးဖွဲ့နိုင်သည်။ လေးလုံးစပ်ကဗျာတွင် စာလုံး(၄)လုံးသည် တစ်ပါဒဖြစ်၍ အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။

(ခ) ဆောင်းပါးဘာသာရပ်တွင် A4 စာမျက်နှာ အနည်းဆုံး(၇)မျက်နှာ၊ အများဆုံး(၁၀)မျက်နှာထက်မပိုရန်။

(ဂ) ဝတ္ထုတိုဘာသာရပ်တွင် A4 စာမျက်နှာ အနည်းဆုံး(၇)မျက်နှာ၊ အများဆုံး(၁၀)မျက်နှာထက်မပိုရန် သတ်မှတ်ထားသည်။

(ဃ) ဘာသာရပ်တိုင်းတွင် ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများ၏ တိုင်းပြည်အကျိုး သယ်ပိုးဆောင်ရွက်မှုဆိုင်ရာအကြောင်းအရာများနှင့် အမျိုးသမီးကဏ္ဍအရေးပါပုံများကို ရေးဖွဲ့ရန်၊ ကိုယ်တိုင်ရေးဖွဲ့ခြင်းဖြစ်ကြောင်း၊ အခြားမည်သည့်ပြိုင်ပွဲတွင်မျှ ဆုရဖူးခြင်းမရှိသောစာမူဖြစ်ကြောင်းနှင့် မည်သည့် မဂ္ဂဇင်း/စာစောင်တွင်မျှ ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။ အမည်ရင်းအပြင် အခြားကလောင်ခွဲများပါ ပြည့်စုံစွာ ဖော်ပြရမည်။

(င) ဘာသာရပ်တိုင်းအတွက် ပထမဆု ၁၀၀၀၀၀၀ိ/-(ဆယ်သိန်းကျပ်တိတိ)၊ ဒုတိယဆု ၇၀၀၀၀၀ိ/-(ခုနစ်သိန်းကျပ်တိတိ)၊ တတိယဆု ၅၀၀၀၀၀ိ/-(ငါးသိန်းကျပ်တိတိ)နှင့် အထူးဆု ၂ ဆုအတွက် ၃၀၀၀၀၀ိ/-(သုံးသိန်းကျပ်တိတိ)စီ ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲတွင် မည်သည့်အသက်အရွယ် မရွေး အမျိုးသား၊ အမျိုးသမီးများမဆို ပါဝင်ရေးသား ယှဉ်ပြိုင်နိုင်ပါသည်။

(စ) ပြိုင်ပွဲဝင်သူများသည် သုံးလအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့်အတူ ကိုယ်ရေးရာဇဝင်အကျဉ်း ဖော်ပြပါရှိရမည်ဖြစ်ပြီး ဆက်သွယ်ရန် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ - ပြည့်စုံစွာဖော်ပြပါရှိရမည်ဖြစ်ပါသည်။ စာမူများကို တစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ (သို့မဟုတ်) ကွန်ပျူတာစာစီ၍ စာမူ(၃)စောင် ပေးပို့ရမည်ဖြစ်ကြောင်း၊ ဆုမရရှိသည့်စာမူများကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

(ဆ) ပြိုင်ပွဲဝင်စာမူများကို ၂၁-၆-၂၀၂၅ ရက်နေ့နောက်ဆုံးထား၍ 09-772222900 MGL Delivery Door to Door Service သို့ ဆက်သွယ်၍ **၂၀၂၅ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာပေပြိုင်ပွဲ** အမှတ်(၄၆/၄၇)၊ မြိုင်ဟေဝန်အိမ်ရာ၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု လိပ်မူ၍ ပေးပို့ကြရမည်ဖြစ်ပြီး သတ်မှတ်ရက်ထက်နောက်ကျသောစာမူများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(ဇ) သိရှိလိုသည့်အချက်အလက်များနှင့် မရှင်းလင်းသည့်အချက်အလက်များကို ဖုန်းနံပါတ်-09-777013506 သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး ဆုရရှိသူများကို အချိန်မီ ပြန်လည်ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

**ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ အကွက်အမှတ် (၆၈၄၊ သန်လျင်မြောက်ကွင်း)၊ ဦးပိုင်အမှတ် (၃၈/က)၊ ဦးကြီးငွေ အမည်ပေါက် မြေကွက်ကြီးအတွင်းမှ အလျား x အနံ (၁၂၀ x ၆၀) ပေအကျယ်ရှိ မြေကွက်အမှတ် (၂၇)၊ (၂၈)၊ (၂၉)၊ မြေကွက်(၃)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်အေးသီတာထွန်း (၁၂/ဗဟန(နိုင်)၀၈၄၃၀၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်နေခြည်လင်း (၁၄/ဂခမ(နိုင်)၁၄၃၂၄၂)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆက်လက် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇာနည် (LLB, D.B.L) (စဉ်-၁၄၆၆၈)** **ဒေါ်ခင်သီတာမြင့်အောင် (LL.B) (စဉ်-၅၂၀၆၄)**

**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ အကွက်အမှတ် (၆၈၄၊ သန်လျင်မြောက်ကွင်း)၊ ဦးပိုင်အမှတ် (၃၇/ခ)၊ ဦးတင်လှ အမည်ပေါက် မြေကွက်ကြီးအတွင်းမှ မြေကွက်အမှတ် (၆)၊ အလျား x အနံ (၄၀ x ၆၀)၊ မြေကွက်အမှတ် (၇)၊ အလျား x အနံ (၉၈/၁၀၀ x ၃၀/၄၀) ပေအကျယ်ရှိ မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ဖြူဖြူလှိုင် (၁၂/မဂတ(ပြု) ၀၀၀၃၁၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သက်ဝေ (၇/ဒဥန(နိုင်)၁၀၄၄၉၀) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇာနည် (LL.B, D.B.L) (စဉ်-၁၄၆၆၈)** **ဒေါ်ခင်သီတာမြင့်အောင် (LL.B) (စဉ်-၅၂၀၆၄)**

**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/45151, Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းလွင် ၁၄/ပစလ(နိုင်) ၀၅၇၂၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/38969, TVS WEGO 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုလှိုင် ၁၄/လပတ(နိုင်)၂၀၆၄၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/95149, Honda Wave 100, M/C (12x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးနေဇာမျိုး ၁၄/လပတ(နိုင်) ၁၄၆၄၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## (၃၁-၅-၂၀၂၅)ရက်စွဲ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာချက် အပေါ်ကန့်ကွက်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃/ ဇေယျာသီရိ)၊ မြေကွက်အမှတ်(၃၈၁)၊ ဧရိယာ(၀ဒသမ၀၂၈)ဧက၊ (၂၅ပေ x ၅၀ပေ)ရှိ မြေကွက်တည်နေရာအမှတ်(၄၃/ယမုံနာလမ်း)၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးလှမြင့် ၁၂/ဒပန(နိုင်)၀၄၃၂၃၃ အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ပတ်သက်၍ ဂရန်အမည်ပေါက်ဖြစ်သူဦးလှမြင့်ထံမှ ကျွန်မ ဒေါ်စန်းမြင့် ၁၂/ဒပန (နိုင်)၀၀၂၉၅၄၏ ခင်ပွန်း ဦးလှမြိုင် ၁၂/သကတ(နိုင်)၀၅၆၄၂၉က အထက်ဖော်ပြပါ မြေကွက်ထဲမှ (ခေါင်းရင်းဘက်အခြမ်း) အကျယ်အဝန်း (၈ပေ x ၅၀ပေ)မြေကွက်ကို (၂၃-၆-၂၀၀၀)ပြည့်နှစ်ကတည်းက ဝယ်ယူခဲ့ပြီး၊ ကျွန်မက တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကာ နေထိုင်လျက်ရှိသည်မှာ ယနေ့အချိန်အထိ ဖြစ်ပါသည်။ ယခုအခါ ကျွန်မထံသို့ အသိပေးခြင်းတစ်စုံတစ်ရာမရှိဘဲ အကျယ်အဝန်း(၂၅ပေ x ၅၀ပေ)ပေါ်တွင် ဂရန်အမည်ပေါက် ဦးလှမြင့်၏သားသမီးများက အမွေဆက်ခံပိုင်ဆိုင်ကြောင်း လျှောက်ထားပြီး၊ ကန့်ကွက်နိုင်ကြောင်း သတင်းစာ ကြော်ငြာခဲ့ခြင်းသည် ကျွန်မပိုင်ဆိုင်သည့် အစုအပေါ်ပိုင်ရေးဆိုင်ခွင့်ကို ထိပါး လာသည်ဖြစ်သည့်အတွက် ကန့်ကွက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းမြင့် ၁၂/ဒပန(နိုင်) ၀၀၂၉၅၄**
**ဖုန်း-၀၉-၇၉၆၇၉၆၆၀၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အကွက်အမှတ် (၅၉၄)၊ ဦးပိုင်အမှတ် ($\frac{၈၅၆}{၁၄၇၇}$)၊ ရန်-မန်းလမ်းနှင့် တံခွန်တိုင်အဝိုင်းအနီးရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ကျော်လွင် ၉/မရတ(နိုင်)၀၄၁၅၇၉က အမှုတွဲအမှတ် (၀၂၄၄/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက်အမှတ် ၂၃၊ ဦးပိုင်အမှတ် ၂၂-က၊ ၇x၈လမ်းကြား၊ ၇၃x၇၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရီရီဝင်း ၉/လဝန (နိုင်)၀၈၅၃၈၄က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ လက်ပံတံခါး (အထက) Grade-12 မှ မောင်ထွန်းထွန်း Grade-10 မှ မောင်မင်းမောင်မောင် Grade-8 မှ မောင်အောင်ဆန်းဦး တို့၏ ဖခင်အမည်မှန်မှာ ဦးငွေ ၈/မလန(နိုင်)၀၇၀၉၄၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ လက်ပံတံခါး (အထက) Grade-10 မှ မဝင်းပပအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုနိုင် ၈/ကမန (နိုင်) ၀၇၅၈၉၈ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ် ၇၆၂၊ဦးပိုင်အမှတ် ၄-ဃ၊ ၄-င၊ ၃၂လမ်း၊ ၆၆x၆၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းဟန် ၉/မရမ(နိုင်) ၀၄၆၄၅၅က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်စကြာ(၄)လမ်း၊ မြေကွက်ကြီးအမှတ်(၂)၊ မြေကွက်ငယ်အမှတ်-၁၃၊ ဦးရွှေစိုး အမည်ပေါက်၊ အလျားအနံ(၄၀ပေ x ၆၀ပေ)ရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးထွန်းသူလင်း ၁၂/လကန(နိုင်) ၁၇၄၉၆၀ ထံမှ ဒေါ်အေးမြတ်မြတ်ဦး ၁၂/လကန(နိုင်)၁၉၅၈၃၆က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအပြည့်အစုံဖြင့် ယခုသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးမမ(စဉ်-၁၃၆၂၈) တရားလွှတ်တော်ရှေ့နေ**
**စ၂/၁၁၅၊ ကုန်သည်လမ်း၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၇၁၈၈၅၆၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရုံးအမှတ်(၄၄)၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူး (၅၄)နေရာအတွက် ယှဉ်တွဲပါသတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး | လစာနှုန်း | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|---|
| (က) | စာရင်းကိုင်(၂) | ၂၁၆၀၀၀၀-၂၀၀၀၀-၂၂၆၀၀၀၀ | B.Com/B.Act/ B.BA/ B.Econ/B.B.Sc | ကျား/ မ ၂ |
| (ခ) | လျှပ်စစ်ကျွမ်းကျင်(၂) | " | B.Tech/ B.Sc | ကျား/ မ ၂ |
| (ဂ) | ထုတ်လုပ်ရေးကျွမ်းကျင်(၂) | " | B.Tech/ B.Sc | ကျား/ မ ၂ |
| (ဃ) | စက်မှုကျွမ်းကျင်(၂) | " | B.Tech/ B.Sc | ကျား/ မ ၂ |
| (င) | ဓာတ်ခွဲခန်းကျွမ်းကျင်(၂) | " | B.Tech/ B.Sc | ကျား/ မ ၁ |
| (စ) | စာရင်းကိုင်(၄) | ၁၈၀၀၀၀၀-၂၀၀၀၀-၁၉၀၀၀၀၀ | ဘွဲ့ရ | ကျား/ မ ၄ |
| (ဆ) | ဒု-လ/ထကွန်ပျူတာ လုပ်ဆောင်ရေးမှူး | " | ဘွဲ့ရ/AGTI/EGTI/GTC | ကျား/ မ ၂ |
| (ဇ) | အငယ်တန်းစာရေး | " | " | ကျား/ မ ၇ |
| (ဈ) | ထုတ်လုပ်ရေးကျွမ်းကျင်(၄) | " | " | ကျား/ မ ၁၁ |
| (ည) | လျှပ်စစ်ကျွမ်းကျင်(၄) | " | " | ကျား/ မ ၅ |
| (ဋ) | စက်မှုကျွမ်းကျင်(၄) | " | " | ကျား/ မ ၁၂ |
| (ဌ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၄) | " | " | ကျား/ မ ၄ |

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၃၀-၆-၂၀၂၅ ရက်နေ့တွင် အသက်(၃၅)နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက် မကြီးသူဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
- (ဃ) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးချုပ်၊နေပြည်တော်၊ အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ) အောင်လံမြို့နယ်၊ မကွေးတိုင်းဒေသကြီး ၊ အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ) မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နှင့် အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် တာဝန်ထမ်းဆောင်နိုင်သူများဖြစ်ရပါမည်။
- (င) ရွေးချယ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး ၃ နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာလျှောက်ထားရန်နှင့် လျှောက်လွှာပုံစံကို စွမ်းအင်ဝန်ကြီးဌာန၏ Website ဖြစ်သော www.energy.gov.mm မှ Download ရယူ၍ လျှောက်လွှာတွင် ပါရှိသည့်အချက်များကို ပြည့်စုံစွာဖြည့်စွက်ပြီး အောက်ဖော်ပြပါ အထောက်အထားများနှင့်အတူ ပူးတွဲတင်ပြလျှောက်ထားရမည်-
- (က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ
- (ခ) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူမှန် (စာမေးပွဲဖြေဆိုသည့်အခါ လက်မှတ်မူရင်းတင်ပြရမည်။)
- (ဂ) အသက်အထောက်အထားစိစစ်ရန် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူမှန် (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြရမည်။)
- (ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိအလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်း တင်ပြရမည်။)
- (င) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ(၃)ပုံ။ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားဖော်ပြရမည်။)
- (စ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း လျှောက်လွှာပါလိပ်စာတွင် အမှန်တကယ်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက်မူရင်း။

၄။ လျှောက်လွှာများကို မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ ၃၀-၆-၂၀၂၅ ရက်နေ့ (လျှောက်လွှာပိတ်ရက်) ရုံးချိန်အရောက် နောက်ဆုံးထား၍ ပေးပို့ရပါမည်။ သတ်မှတ်ထားသည့် စာရွက်စာတမ်းများမပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို (လုံးဝ)လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲကို ၁၂-၇-၂၀၂၅ ရက်နေ့တွင် နေပြည်တော်၌ အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတဘာသာရပ်များကို ဖြေဆိုရမည်ဖြစ်ပါသည်။

၆။ သတ်မှတ်ထားသည့်အချက်များနှင့်ပြည့်စုံသော ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်းများအား ဖော်ပြပါ Website >> တွင် ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပြီး ၇-၇-၂၀၂၅ ရက်နေ့မှ ၁၁-၇-၂၀၂၅ ရက်နေ့အတွင်း ဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ဖုန်းနံပါတ် ၀၉-၄၂၆၇၄၇၀၇၇ နှင့် ၀၉-၇၆၉၈၂၆၀၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၀)၊ မြေကွက်အမှတ် (၁၀၈၉)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဦးသန်းလှိုင် (၁၂/ဒပန(နိုင်)၀၂၈၃၄၇) အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်အား အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်မိုးအောင် (၁၂/သလန(နိုင်)၀၀၀၀၄၇)မှ မိမိတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရွှေတိုး (၉/တသန(နိုင်)၀၃၀၁၅၅)မှ ဝယ်ယူရန်အတွက် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်စိုးသီတာအေး LL.B,WIPO (Switzerland)**
**အထက်တန်းရှေ့နေ၊ စဉ်-၄၈၁၇၀**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊(၁၃)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၄၆၇၇၇၁၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## မအူပင်မြို့နယ်တရားမရုံး၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁

ဦးဌေးအောင် နှင့် ဒေါ်သန်းနွဲ့(ဘ) ဦးကြီးမောင်
တရားလို တရားပြိုင်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ ပေါင်းကိုင်းကျေးရွာရပ်နေ တရားပြိုင် ဒေါ်သန်းနွဲ့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဌေးအောင်က ကျူးကျော်ဝင်ရောက်နေထိုင်သည့် တရားလိုပိုင် နေအိမ်အဆောက်အအုံအတွင်းမှ ဖယ်ရှားထွက်ခွာ၍ အဆောက်အအုံအား လက်ရောက်ပေးအပ်စေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉ ရက် (၁၃၈၇ခုနှစ်၊ နယုန်လဆုတ် ၉ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲချက်ကိုထုချေရှင်းလင်းရန်၊ ရုံးသို့လာရောက်ရမည်။ ၎င်းတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇွန်လ ၂ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖူးပွင့်အောင်)**
**မြို့နယ်တရားသူကြီး**
**မအူပင်မြို့နယ်တရားရုံး**

## မှတ်ပုံတင်နံပါတ်အမှန်

ပခုက္ကူမြို့၊ အမှတ် (၁၅) ရပ်ကွက်၊ အောင်တေဇလမ်းနေ (ဘ)ဦးတင်ငွေ၏သား ဦးအောင်ကျော်ဦး ကိုင်ဆောင်သော မှတ်ပုံတင်နံပါတ် အမှန်မှာ ၈/ပခက(နိုင်)၃၇၇၂၁၆ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်တော် သက်မိုးအောင် ၁၂/ဥကတ(နိုင်)၁၃၅၆၈၅၏ နိုင်ငံကူးလက်မှတ်အမှတ် (CDC-68399) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၁၂၅၅၆၉၆**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/6338 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သာယာဝတီ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၆-၂၀၂၅ရက်နေ့ ဤ သတင်းစာ စာမျက်နှာ(၃၁) ပါ အကြွင်းလင်းမယားအဖြစ် ကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်းတွင် တရားလွှတ်တော် ရှေ့နေ ဒေါ်သီတာထူး အမှတ် ၃၈၊ မြလမ်း၊ သီရိမြိုင်ရပ်ကွက်၊ မုံမြို့ အစား အမှတ် ၃၈၊ မြလမ်း၊ သီရိမြိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၉-၄၂၅၂၆၂၇၆၄နှင့် အထက်တန်း ရှေ့နေ ဒေါ်ရွှေရည်ထက်ဦး(ခ) ဒေါ်ရွှေရည်အိမ်အမှတ် ၂၃၃၊ မင်းတန်းရပ် ဗိုလ်ချုပ်လမ်း၊ မော်လမြိုင်မြို့ အစား အမှတ် ၂၃၃၊ မင်းတန်းရပ် ဗိုလ်ချုပ်လမ်း၊ မုဒုံမြို့ ဖုန်း-၀၉-၉၄၂၉၆၅၄၁၆ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်လွှာခေါ်ယူခြင်း

အများပြည်သူသိရှိနိုင်စေရန် ကြေညာအပ်ပါသည်-

၁။ ဒိုက်ဦးမြို့နယ်၊ အမှတ်(၁)အရှေ့ပိုင်းရပ်ကွက်၊ မင်းလမ်း၊ ကွင်းအမှတ် (၄၁၀က)၊ကွင်းအမည် ရေသိုးကြီး၊ ဦးပိုင်အမှတ် ၁၈၊ ဧရိယာ (၀ဒသမ ၀၅၅၁)ဧကအား မြေငှားဂရန်(အသစ်) လျှောက်ထားလာပါသည်။

၂။ လျှောက်ထားသောမြေ အလားလေးရပ်မှာအောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| အရှေ့လားသော် | - | ရန်ကုန်-မန္တလေးကားလမ်း |
| အနောက်လားသော် | - | ၁၀လမ်းကြား |
| တောင်လားသော် | - | ဦးပိုင်အမှတ် -၁၉ |
| မြောက်လားသော် | - | မြို့သစ်(ခ)၊ (၁၀)လမ်း |

၃။ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း နောက်ဆုံးထားပြီး ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ၎င်းနေ့ရက်ကျော်လွန်သော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားလိမ့်မည် မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဒိုက်ဦးမြို့**

## ဖခင်အမည်မှန်

ဦးဝင်း၏သမီး မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက(၂) Grade-12မှ မဝင့်ရီလှိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဝင်း ၁၀/ရမန(နိုင်)၁၂၄၃၇၂ ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်ဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ပေါက်တောရွာနေ ဦးထွန်းဟန်၏သား ဦးပိုက်သိန်း(ခ)ဦးဟန်မောင်အေး ၈/သရန(နိုင်)၀၃၆၀၆၈ သည် လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးပိုက်သိန်း(ခ) ဦးဟန်မောင်အေး**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက -ခွဲ(တောင်ဇဂျမ်းကုန်း) ကျောင်းမှ မောင်နှိုင်းထက်ဝန်း Grade-9၊ မောင်အာကာထက်ဈာန် Grade-4 တို့၏ ဖခင်အမည်မှန်မှာ ဦးချမ်းကို ၉/ဝတန(နိုင်)၁၄၆၇၀၄ ဖြစ်ပါကြောင်း။

**ဦးချမ်းကို**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ တမာကုန်းကျေးရွာ ပညာ့အလိုပ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မပို့ပို့၏ ဖခင်အမည်မှန်မှာ ဦးစိန်ဆန်းညွန့် ၉/ဝတန(နိုင်)၁၃၁၆၉၇ ဖြစ်ပါကြောင်း။

**ဦးစိန်ဆန်းညွန့်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ်(RA-II/ကွက်ပြင်-၂)၊ ဦးပိုင်အမှတ်(၁၄၇-င)၊ မြေဧရိယာ(၀ဒသမ၀၈)ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးကျော်သိန်း ၉/မမန(နိုင်) ၀၁၉၂၀၆ မှလည်းကောင်း၊ ဦးပိုင်အမှတ်(၁၄၇-ဃ)၊ မြေဧရိယာ(၀ဒသမ၀၆) ဧကရှိ မြေကွက်အား မြေငှားဂရန် (ကျန်အပိုင်း၊ အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးကျော်ညွန့် ၉/မမန(နိုင်)၀၂၅၆၂၇မှလည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ကြည်တော်ကုန်း(ခ)(၄)လမ်း၊ အကွက်အမှတ်-၁၇(I)၊ ဦးပိုင်(၂၄၇)၊ မြေဧရိယာ(၃၀x၃၇)ပေရှိ ခြံမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ (၂)ထပ်အိမ်တစ်လုံးနှင့် လျှပ်စစ်မီတာ၊အဝီစိရေတွင်းတို့ကို လက်ရှိထားရောင်းချပိုင်ခွင့်ရှိသူ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ကြည်တော်ကုန်း(ခ)(၄)လမ်း၊ အမှတ်(၃၁၁)နေ ဒေါ်မြင့်မြင့်ဌေး၊ ဦးတင့်ဝေ၊ ဦးသက်နိုင်တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဇော်ဦး၊ ဒေါ်အိအိပြုံးတို့မှ ဝယ်ယူရန် သဘောတူညီပြီး ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေပေးချေထားပြီး၊ ဤအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်ဦး၊ ဒေါ်အိအိပြုံးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုင်းဝဏ္ဏဇော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၃၆/၂၀၁၆)**
**အမှတ်(၆/၁၀၇)၊ ရှမ်းတန်း(၅)လမ်း၊ မြို့သစ်(ဂ)ရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၄၂၈၁၂၉၅၂၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၃/၁)၊ လူနေရပ်ကွက် အမှတ်(ကျန်စစ်သားရိပ်မွန်စက်မှုဇုန်)၊ မြေကွက်အမှတ်( ၆+၇)၊မြေအကျယ်အဝန်း( ၂.၃၅၂ )ဧကရှိ မြေနှင့်အဆောက်အအုံအား အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့သည် ဒေါ်သန္တာစိုး(ဘ)ဦးရာစိုး (၁၃/ကတန(နိုင်)၀၀၈၉၆၁)အမည်ပေါက် နှစ်( ၆၀ ) မြေငှားဂရန်မြေကွက်ကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊မြေစီမံခန့်ခွဲမှုဌာရှိမြို့မြေစာရင်းတွင်အမည်ပေါက်တည်ရှိပြီး ၎င်းမြေကွက်အားရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့်အရှုပ်အရှင်းကင်းရှင်းကြောင်းကို ဝန်ခံပြောဆိုပြီးရောင်းချလိုကြောင်းကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှသွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၈၅၄၈)**
